# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်၊ စနေနေ့ (13-9-2014) (၇၉၆၂)


### ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဝမ်ကျားလွေ့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဆောင်ရွက်နေမှုများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ရန်ဟို့လန်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**



# ရန်ကုန်ဘူတာကြီးအပါအဝင် ကြည့်မြင်တိုင်ဘူတာယာဒ်ဝင်းနှင့် ပုဇွန်တောင်ဘူတာယာဒ်ဝင်းတို့အား အဆင့်မြှင့်တင်ဆောင်ရွက်မည်

**ရန်ကုန် စက်တင်ဘာ ၁၂**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ဘူတာယာဒ်ဝင်းများအဆင့်မြင့်မားလာစေရန်၊ စီးပွားရေးအရဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရန်ကုန်မြို့တော်အတွင်း ယာဉ်ရပ်နားနေရာမလုံလောက်မှုကို အထောက်အကူဖြစ်စေရန်အတွက် အနာဂတ်စီမံကိန်းနှင့် မလွတ်ကင်းသော ဘူတာယာဒ်ဝင်းနေရာများတွင် ယာဉ်ရပ်နားရန်နေရာများပါဝင်သော အဆောက်အအုံစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် Conceptual Plan များ ရေးဆွဲကာ ရန်ကုန်ဘူတာကြီးအပါအဝင် ကြည့်မြင်တိုင်ဘူတာယာဒ်ဝင်းနှင့် ပုဇွန်တောင်ဘူတာယာဒ်ဝင်းတို့အား Development Plan အဆင့်မြှင့်တင်မည့် အစီအစဉ်များရှိနေကြောင်း သိရသည်။

ပြီးခဲ့သည့် ဇွန် ၆ ရက်က ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ကြည့်မြင်တိုင်ဘူတာယာဒ်ဝင်းနှင့် ပုဇွန်တောင်ဘူတာယာဒ်ဝင်းတို့အား ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်ပြီး ဘူတာယာဒ်ဝင်းမြေနေရာများတွင် အဆောက်အအုံစီမံကိန်းများ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် မြန်မာ့မီးရထားမှ တာဝန်ရှိသူများအား Conceptual Plan များ ရေးဆွဲတင်ပြရန် လမ်းညွှန်မှာကြားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ရန်ကုန်ဘူတာကြီးအပါအဝင် ကြည့်မြင်တိုင်ဘူတာယာဒ်ဝင်းနှင့် ပုဇွန်တောင်ဘူတာယာဒ်ဝင်းတို့အား နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် Development Plan အဆင့်မြှင့်တင်မည့်အခြေအနေနှင့် မြို့ပတ်နှင့် ဆင်ခြေဖုံးရထားလမ်းများတွင် မတော်တဆဖြစ်ပွားခြင်းများ၊ ခရီးသွားပြည်သူများအဆင်ပြေစိတ်ချမ်းသာစွာ သွားလာနိုင်ရေးအစီအစဉ်များအား တင်ပြဆွေးနွေးခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီက မြန်မာ့မီးရထား(အောက်မြန်မာပြည်)အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြန်မာ့မီးရထားမှ တိုင်းအရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မီဒီယာများတက်ရောက်ခဲ့ကြသည်။

ကြည့်မြင်တိုင် ဘူတာယာဒ်ဝင်းနှင့် ပုဇွန်တောင်ဘူတာယာဒ်ဝင်းတို့အား ရန်ကုန်ဘူတာကြီးယာဒ်ဝင်းပုံစံအသစ် ရေးဆွဲရေးအဖွဲ့မှ အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်ဘူတာကြီးယာဒ်ဝင်းတွင် အဓိကဆောင်ရွက်ရမည့် လုပ်ငန်းစဉ် နှစ်ခုရှိကြောင်း၊ ရန်ကုန်ဘူတာကြီးယာဒ်ဝင်းအဆိုပြုပုံစံအသစ်များထဲတွင် အားသာချက်၊ အားနည်းချက်များအား Plan A၊ B၊ C စသဖြင့် အုပ်စုသုံးခုထားရှိကြောင်း၊ တည်နေရာပြ ယာဒ်ဝင်းပုံစံအသစ်အား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြပြီးဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နည်းပညာပိုင်းဆိုင်ရာအရ နိုင်ငံတကာနည်းတူ မကြာမီပြောင်းဆွဲမည့် လျှပ်စစ်ရထားအတွက်လည်း လျှပ်စစ်လိုအပ်ချက်များသာ ရှိနေကြောင်း၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

### တတိယနေရာလုပွဲ မြန်မာ-ထိုင်းယှဉ်ပြိုင်ကစားမှု တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် စက်တင်ဘာ ၁၂**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပလျက်ရှိသည့် အာဆီယံယူ-၁၉ ဘောလုံးပြိုင်ပွဲ၏ တတိယနေရာလုပွဲအဖြစ် စက်တင်ဘာ ၁၃ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ယင်းပွဲစဉ်အား မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှတစ်ဆင့် ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်ပြီး တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**(သတင်းစဉ်)**




**ကြေးမုံ စာ တည်း ရှု ထောင့်** ၁၃-၉-၂၀၁၄ [စနေနေ့]

# ပညာရှာသူ တို့ဝိုင်းကူ

စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှု မင်္ဂလာသတင်းများကို ကြားသိနေရပါသည်။ နိုင်ငံတကာစာတတ်မြောက်ရေး စီစဉ်ဆောင်ရွက်မှု၏ အသီးအပွင့်များအဖြစ် ၂၀၁၃ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၅ ဒသမ ၁၃ ရာခိုင်နှုန်းထိ အားရကျေနပ်ဖွယ် တိုးတက်လျက်ရှိကြောင်း သိရသည်။

မျက်မှောက်ကာလတွင် အရာရာကို ပညာဖြင့် တိုင်းတာပိုင်းဖြတ်လျက်ရှိသည်။ ၂၁ ရာစု၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် တစ်မျိုးသားလုံး စာတတ်မြောက်ပြီး ပညာရည်မြင့်မားရေးသည် အဓိကဖြစ်ပါသည်။ သို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍဘက်စုံတိုးမြှင့်စေရေး စီမံချက်ဖြင့် ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏ အသုံးစရိတ်ကိုလည်း ယခင်နှစ်များကထက် ပိုမိုကျခံသုံးစွဲလျက်ရှိကြောင်း သိရသည်။

စာပေသည် အလိမ္မာဘဏ်တိုက်ကြီးဖြစ်ပါသည်။ စာမတတ်သူ ပပျောက်ရေးနှင့် စာဖတ်သူဦးရေတိုးပွားရေးတို့အတွက် နိုင်ငံတော်က စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံသူနိုင်ငံသားတိုင်းကလည်း တတ်နိုင်သည့်ဘက်က ဖြည့်ဆည်းပေးရန်လိုအပ်ပါသည်။ တစ်ဦးချင်းကူညီမှုထက် အစုအဖွဲ့ပုံစံ လူမှုအထောက်အကူပြုအဖွဲ့ (NGO)များ ဖွဲ့စည်းလျက် မိမိတို့နယ်မြေဒေသရှိ စာမတတ်သူတိုင်း စာတတ်လာအောင် ဆောင်ရွက်ပေးရန် အထူးလိုအပ်ပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် စာကြည့်တိုက်၏ အခန်းကဏ္ဍကိုလည်း ဖော်ထုတ်ရမည်ဖြစ်ပါသည်။ စာကြည့်တိုက်များသည် ပညာဘဏ်တိုက် စာကြည့်တိုက်၊ ပညာရှာသူ တို့ဝိုင်းကူဆိုသည့် အသိပညာပေး လမ်းညွှန်ဆောင်ပုဒ်များနှင့်အညီ မိမိတို့တတ်ထားသည့် အသိပညာနှင့် စာပေမှရရှိထားသည့် အသိပညာနှင့် အတတ်ပညာဗဟုသုတတို့ကို မမေ့မပျောက်အောင်နှင့် စာကြည့်တိုက်များသည် ဆင့်ပွားတွေးခေါ် မြော်မြင်နိုင်သည့် ဉာဏ်အလုပ်ရုံများ ဖြစ်ကြောင်း သိထားရန်လိုအပ်ပါသည်။

ငယ်စဉ်အခါက အတန်းပညာဆုံးခန်းတိုင်အောင် မသင်ယူနိုင်ခဲ့သော်လည်း ချိန်ခါရွယ်ရောက် လူလားမြောက်၍ လူမှုဘဝတည်ဆောက်ကြရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေးနယ်ပယ်အသီးသီးတို့တွင် စာအုပ်စာပေများ ဖတ်ရှုလေ့လာရင်း အောင်မြင်တိုးတက်နေသူများသည် နိုင်ငံ့ခေါင်းဆောင်များဖြစ်ရုံသာမက ကမ္ဘာ့ခေါင်းဆောင်များဖြစ်နေသည်ကို သမိုင်းစာမျက်နှာများက ဖော်ပြလျက်ရှိပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်အောင် သိပ္ပံနှင့်နည်းပညာရပ်များအား လူငယ်လူရွယ်တို့ ဆုံးခန်းတိုင်သည်အထိ သင်ကြားလေ့လာနိုင်အောင် စီစဉ်ဆောင်ရွက်နေသကဲ့သို့ လူကြီး၊ လူလတ်နှင့် လူငယ်လူရွယ်တို့ စဉ်ဆက်မပြတ် အသိပညာဗဟုသုတများ မြင့်မားစေရေးတို့အတွက် နိုင်ငံတစ်ဝန်း ခေတ်မီစာကြည့်တိုက်များ၊ ရွှေ့လျားစာကြည့်တိုက်များ၊ စာပေရေချမ်းစင်များနှင့် အိမ်တိုင်ရာရောက် စာဖတ်ခန်းများကို စီစဉ်ဆောင်ရွက်ပေးနေသည်။ ထို့အပြင် ရေဒီယို၊ ရုပ်မြင်သံကြားတို့မှလည်း ပညာရေးကဏ္ဍအထောက်အကူပြု အစီအစဉ်များ ထုတ်လွှင့်ပေးလျက်ရှိရာ ကြည့်တတ်လျှင်မြင်၊ ယူတတ်လျှင်ရဆိုသည့် စကားဥပမာနှင့်အညီ ကြည့်တတ်၊ ယူတတ်အောင် လူငယ်လူရွယ်တို့ ကြိုးစားရန် လိုအပ်ပေသည်။

ထို့အပြင် ပညာနှင့်တူသော အလင်းရောင်မရှိဟု မြတ်ဗုဒ္ဓက ဟောကြားထားတော်မူ၏။ အချုပ်ဆိုရသော် စာပေနှင့်လူသည် ကင်းကွာ၍မရပေ။ စာပေမြင့်မှ လူမျိုးတင့်သည် ဆိုသည့်အတိုင်း ကျောင်း၊ တက္ကသိုလ်ပညာသင်ကြားရေးကဏ္ဍပြီးစီးသည့် လူငယ်လူရွယ်များနှင့် သက်ကြီးရွယ်အိုများပါ အသိပညာ၊ အတတ်ပညာနှင့် ဗဟုသုတရှိမှသာလျှင် နေ့စဉ်တိုးတက်နေသည့် သိပ္ပံနှင့်နည်းပညာရပ်များကို အမီလိုက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပညာရှာသူ ဝိုင်းကူပေးနေသည့် စာကြည့်တိုက်များဆီသို့ နေ့စဉ်မပျက် အရောက်သွားကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။ ။

# သုတေသနလုပ်ငန်းများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်ရန် လိုအပ်

**နေပြည်တော် စက်တင်ဘာ ၁၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် စက်တင်ဘာ ၉ ရက်တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ ရန်ကုန်နည်းပညာတက္ကသိုလ်အား နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ဖြစ်လာစေရေးအတွက် ဆောင်ရွက်ရာတွင် သုတေသနလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ ဌာနများအားလုံး သုတေသနလုပ်ငန်းများကို စီမံချက်များ ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာအဆင့်သို့ ဦးတည်နေခြင်းဖြစ်၍ နိုင်ငံတကာဂျာနယ်များတွင် သုတေသနစာတမ်းများ ရေးနိုင်ရန်လိုအပ်ပါကြောင်း၊ Sci Index တွင် စာရင်းဝင်သည့် ဂျာနယ်များတွင် စာတမ်းများရရှိမှသာ နိုင်ငံတကာအဆင့်မီဟု ပြော၍ရမှာဖြစ်ကြောင်း။

ဂျပန်နိုင်ငံအကူအညီဖြင့် သုတေသနပစ္စည်းများ ရသည့် ဌာနများအနေဖြင့် သုတေသနပစ္စည်းများ လုံလောက်မည်ဖြစ်သော်လည်း မရသည့်ဌာနများအား ဝန်ကြီးဌာနမှ ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ သုတေသနအခန်းများအတွက် ပစ္စည်းများကို ကျွမ်းကျင်စွာကိုင်တွယ်နိုင်သည့် ဝန်ထမ်းများအား ရွေးချယ်တာဝန်ပေးအပ်ရန်လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ကျွမ်းကျင်ဝန်ထမ်းများအား မွေးထုတ်ပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိဖွင့်လှစ်ထားသည့် အစိုးရစက်မှုလက်မှုသိပ္ပံ (Government Technical Institute-GTI) သင်တန်းများပြီးစီးပါက ကျွမ်းကျင်ဝန်ထမ်းများ ပေါ်ထွက်လာမည်ဖြစ်ပါကြောင်း၊ ကျောင်းသားများအနေဖြင့် သုတေသနလုပ်ငန်းများကို စိတ်ဝင်တစားပြုလုပ်ရန် ဆရာ ဆရာမများက တွန်းအားပေးရန် လိုအပ်ပါကြောင်း၊ ကျောင်းမှလည်း လိုအပ်သည်များကို စီစဉ်ပေးရန် လိုအပ်ပါကြောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်ကို နိုင်ငံတကာအဆင့်မီစေရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပါမောက္ခချုပ်နှင့် ဌာနမှူးများက ဌာနတစ်ခုချင်းအလိုက် သုတေသနဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်သည်များကို တင်ပြဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၁၂**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေစျေး | ၆၅၃၈၀၀ | - ၆၅၄၈၀၀ |
| မန္တလေး | ရွှေစျေး | ၆၅၃၆၀၀ | - ၆၅၄၄၀၀ |

**စက်သုံးဆီစျေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၇၁. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၄. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၈. ၄၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၁၃၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃. ၆၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၉၃၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၀၅. ၇၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၅၉၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၈၂. ၇၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၆၈. ၀၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# တင်းနစ်အားကစားနည်းပြများ၊ တင်းနစ်ကလပ်အသင်းများ၊ တင်းနစ်ကွင်းများ မှတ်ပုံတင်ကြရမည်

**ရန်ကုန် စက်တင်ဘာ ၁၂**

မြန်မာတင်းနစ် အားကစားယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး နည်းစနစ်ကောင်းများ တစ်နိုင်ငံလုံးသို့ ပျံ့နှံ့နိုင်ရေးအတွက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး နှစ်ရှည်စီမံကိန်းငါးနှစ် ရေးဆွဲထားရှိကာ JTI Program (ကျောင်းသားလူငယ်ဖွံ့ဖြိုးရေးအစီအစဉ်) ဖြင့် မြို့ပေါင်း ၅၉ မြို့သို့ အသက် (၈)နှစ်မှ (၁၂)နှစ်အတွင်းကျောင်းသား ကျောင်းသူများအား တင်းနစ်အားကစားသင်ခန်းစာများ လိုက်လံသင်ကြား လေ့ကျင့်ပေးလျက်ရှိရာ နေပြည်တော်နှင့် ပျဉ်းမနားမြို့တို့၌ လူငယ်များအား လေ့ကျင့်ဆောင်ရွက်ပေးပြီးဖြစ်သည်။

မျိုးဆက်သစ်အားကစားသမားများ ရရှိရေးအတွက် မြန်မာတစ်နိုင်ငံလုံး စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် တင်းနစ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော နည်းပြရရှိရေး၊ တင်းနစ်ကွင်းများနှင့် ကလပ်အသင်းများ ထွက်ပေါ်လာစေရေးတို့အတွက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ဆောင်ရွက်လျက်ရှိရာ မြို့နယ်အသီးသီးရှိ တင်းနစ်ကွင်းများနှင့် ကလပ်အသင်းများအတွက်လည်းကောင်း၊ နည်းပြ ဆရာများသည်လည်းကောင်း သတ်မှတ်ပုံစံများ ဖြည့်စွက်၍ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထားကာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်တွင် မှတ်ပုံတင်ကြရမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်ကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၁၉၉၁ နှင့် ၀၁-၃၈၁၉၉၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**




ကင်းမယ်တယ် အလူမီနီယံ
ISO 9001/ 14001
KING METAL Aluminium Supply
PC Profiles, Composite Panel & Accessories
High Quality Thailand's Product.
ထိုင်းနိုင်ငံမှထုတ်လုပ်သော အရည်အသွေးမြင့် အလူမီနီယံပစ္စည်းများ
● Shop Fronts ● Curtation Walls
● Casement Windows ● Sliding Windows & Doors
● Showcase ● Tubes & Pipes...and more...
တွဲဖက်သုံးအပိုပစ္စည်းများကိုတစ်နေရာတည်းတွင် လိုသလောက် လက်လီ/လက်ကားရရှိနိုင်ပါသည်။
Aluminium Powder Coatings
BW POWDER COATINGS coatings for the future products
အရောင် (၁၀) မျိုး ရွေးချယ်နိုင်ပါသည်။
G-BOND ALUMINIUM COMPOSITE PANEL
ALUMASTERBOND ALUMINIUM COMPOSITE PANEL
K-MARK JAPAN DESIGN 2 WAY COMBINATION LADDER
ကေ-မတ်(ခ်)အလူမီနီယံလှေခါးများ
တဆင့်ပြန်လည်ရောင်းချလိုသော ကိုယ်စားလှယ်များ ဆက်သွယ်နိုင်ပါသည်။
KING METAL TRADING COMPANY LIMITED.
● အမှတ်(၁၀၂)၊ ရွှေဂုံတိုင်(အနောက်)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။(ရုံးချုပ်/အရောင်းပြခန်း) Tel:(01) 8603199, 8603177, 548969, 0943142599, 0943157299 Fax:(01) 548969
● အမှတ်(၂၆၉-၂၇၀)၊ သမိုင်းဘူတာရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Tel:(01) 651672, 651978, 09 43200790 Fax:(01) 651672
● အမှတ်(၃၈)၊ ပါရမီလမ်း၊ ချော်တွင်းကုန်းအနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ Tel:(01) 660694, 095142428, 09420187999 Fax:(01) 660694
● အမှတ်(၃-ဘီ)၊ ရန်ကုန်-မန္တလေးလမ်း၊ ကွဲဆည်ကန်ကားကြီးဝင်းအနီး၊ မန္တလေးမြို့။ Tel:(02) 78859, 78879, 09 8742989 Fax:(02) 78859
09 50 19019
09 51 42428
E-mail: kingmetaltrading @gmail.com.

## ပြည်တွင်းရေးရာ

# ဥရောပသမဂ္ဂအထောက်အပံ့ဖြင့် ကျေးလက်ပြည်သူသုံး စွမ်းအားမြင့်မီးဖိုများထုတ်လုပ်ရန် နည်းပညာအကူအညီပေးမည်

**နေပြည်တော် စက်တင်ဘာ ၁၂**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပသည့်စွမ်းအားမြင့်မီးဖိုထုတ်လုပ်ဖြန့်ဖြူးမှုမြှင့်တင်ရေးစီမံကိန်း၏ ကနဦးအလုပ်ရုံဆွေးနွေးပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**(ယာပုံ)**






မြန်မာနိုင်ငံတွင် စွမ်းအားမြင့်မီးဖိုထုတ်လုပ်ဖြန့်ဖြူးမှုမြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်ရန် ကနဦးအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။ နိုင်ငံအတွင်း လူဦးရေနှင့်လူနေမှုစနစ် တိုးတက်လာသည်နှင့်အမျှ ရေ၊ မြေ၊ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲမှုများပြားလာပြီး ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်သော ရေထု၊ လေထုညစ်ညမ်းမှု၊ ရာသီဥတုပြောင်းလဲခြင်း၊ ဇီဝမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်ခြင်း၊ ဂေဟစနစ်များ ယိုယွင်းခြင်း စသော စိန်ခေါ်မှုများဖြင့် ရင်ဆိုင်နေရသည်။

ပြည်ထောင်စုဝန်ကြီးက သစ်တောသယံဇာတများ ပြုန်းတီးလာမှုသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအပေါ် တိုက်ရိုက်သက်ရောက်မှုရှိကြောင်း၊ IPCC ၏ ၂၀၀၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစား ကျဆင်းမှုကြောင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပမာဏမှာ ကဏ္ဍအသီးသီး ထုတ်လွှတ်မှု၏ ၁၇ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း၊ သစ်တောပြုန်းတီးခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်မှာ လောင်စာအတွက် ထင်း၊ မီးသွေးထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ မြန်မာ့ကျေးလက်နှင့် မြို့ပြပြည်သူများအတွက် ထင်းလိုအပ်ချက် ကုဗတန် ၁၆ ဒသမ ၅၃ သန်းခန့်ရှိပြီး ထင်း၊ မီးသွေးသုံးစွဲမှုပမာဏမှာ ၇၆ ဒသမ ၄၁ ရာခိုင်နှုန်းထိရှိကြောင်း၊ ထို့ကြောင့် နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်းအရ ထင်းလောင်စာသုံးစွဲမှုပမာဏသည် ၂၀၀၀ ပြည့်နှစ်တွင် စွမ်းအင်သုံးစွဲမှုစုစုပေါင်း ၇၆ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၂၀ ခုနှစ်တွင် ၅၈ ရာခိုင်နှုန်းနှင့် ၂၀၃၀ ခုနှစ်တွင် ၄၆ ရာခိုင်နှုန်းအထိ လျော့ကျစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသများတွင် စွမ်းအားမြင့်မီးဖိုများ ဖြန့်ဝေခြင်း၊ ထင်းအစားအခြားလောင်စာသုံးစွဲခြင်းလုပ်ငန်းကို အဓိကထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၁၉၉၇-၉၈ ခုနှစ်မှ ယနေ့အထိ စွမ်းအားမြင့်မီးဖိုလုံးရေ ငါးသိန်းခန့် ဖြန့်ဝေနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ စွမ်းအားမြင့်မီးဖိုသုံးခြင်းဖြင့် ထင်းလောင်စာကုန်ကျမှု ၄၀ ရာခိုင်နှုန်းသက်သာပြီး ကျေးလက်ပြည်သူများအနေဖြင့် တစ်နှစ်လျှင် ထင်း ၂ ဒသမ ၅ တန်သုံးစွဲရသဖြင့် စွမ်းအားမြင့်မီးဖိုတစ်လုံးသုံးစွဲပါက တစ်နှစ်စာအတွက် ထင်းတစ်တန်ချွေတာနိုင်ကြောင်း၊ သစ်တောဦးစီးဌာနနှင့် ပြင်သစ်နိုင်ငံအခြေစိုက် ပြန်ပြည့်မြဲစွမ်းအင် သုတေသနဌာနတို့ပူးပေါင်းပြီး ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် ဖြန့်ဖြူးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

စွမ်းအားမြင့်မီးဖို အသုံးပြုခြင်းဖြင့် ထင်းသုံးစွဲမှု၊ သဘာဝတောများအပေါ် မှီခိုမှု လျော့ကျလာခြင်း၊ အချိန်ကုန်၊ ငွေကုန်သက်သာခြင်း၊ မီးအန္တရာယ်ကာကွယ်ခြင်း၊ ကာဗွန်ထုတ်လွှတ်မှုနည်းပါးစေခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြင်သစ်နိုင်ငံအခြေစိုက် ပြန်ပြည့်မြဲစွမ်းအင် သုတေသနဌာနမှ ပညာရှင်များ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပညာရှင်တို့က ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ စာတမ်းများ ဖတ်ကြားခဲ့သည်။

ဆွေးနွေးပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂရုံးမှ တာဝန်ရှိသူများ၊ ပြင်သစ်နိုင်ငံ အခြေစိုက် ပြန်ပြည့်မြဲစွမ်းအင် သုတေသနဌာန၊ အရှေ့တောင်အာရှဒေသရုံးမှ တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်း

**နေပြည်တော် စက်တင်ဘာ ၁၂**

(၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့အားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားရာတွင် (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ကိုရီးယားနိုင်ငံ Incheon တွင် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ အားကစားနည်း ၃၆ မျိုးကျင်းပမည်ဖြစ်သော်လည်း မြန်မာနိုင်ငံမှ အဆင့်မီသောအားကစားနည်း ၁၀ မျိုးကို သေချာစွာ စိစစ်ရွေးချယ် စခန်းသွင်းလေ့ကျင့်ကာ အားကစားသမား ၆၅ ဦးကိုသာ စေလွှတ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကစားနည်းများမှာ မြားပစ်၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ အလေးမ၊ ဝူရှူး၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ နပန်းနှင့် ပြေးခုန်ပစ် အားကစားနည်းတို့ပင်ဖြစ်ပါကြောင်း၊ (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကြီးမှာ အာရှ၌ အဆင့်အမြင့်ဆုံး အားကစားပြိုင်ပွဲဖြစ်သည်နှင့်အညီ အဆင့်မြင့်မြင့် သွားရောက်ယှဉ်ပြိုင်ပြီး ယခင်ပြိုင်ပွဲဝင်အကြိမ်များထက် ဆုတံဆိပ်ပိုမိုရရှိအောင် ကြိုးစားကြရန်လိုကြောင်း၊ မြန်မာအားကစားအဖွဲ့အားလုံးသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် အရင်းတည်ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယ အစွမ်းကုန်ကြိုးပမ်းသွားကြရန် ထပ်မံတိုက်တွန်းလိုပါကြောင်း။

နိုင်ငံတကာမှာ အားကစား အောင်မြင်မှုသည် မိမိနိုင်ငံ၊ မိမိလူမျိုးတို့အတွက် ဂုဏ်သိက္ခာအဆင့်အတန်းကို မြှင့်တင်ပေးသလို နိုင်ငံတော်နှင့် လူမျိုးတို့၏ ယဉ်ကျေးမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းစေသည့်အတွက် မြန်မာအားကစားမောင်မယ်များအနေဖြင့် ပြိုင်ပွဲမှာ မြန်မာအားကစားအဆင့်အတန်းကို ဖော်ထုတ်ပြသသွားကြပါရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အောင်နိုင်ရေးအလံကို မြန်မာအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်ထံ အပ်နှင်းသည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ည ၇ နာရီတွင် နေပြည်တော် Royal ACE Hotel ၌ကျင်းပသည့် ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ခြောက်ခုရရှိအောင် စွမ်းဆောင်ပေးခဲ့သော မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အမှုဆောင်များ၊ ဒိုင်လူကြီးများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် မြန်မာ့လက်ရွေးစင် ခြင်းလုံးအားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနား၌ အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် တာဝန်ရှိသူများက နည်းပြ၊ အုပ်ချုပ်သူနှင့် အမှုဆောင်များအတွက် ဂုဏ်ပြုငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့လက်ရွေးစင်ခြင်းလုံး အားကစားသမား ၃၂ ဦးအတွက် ဂုဏ်ပြုငွေကျပ်သိန်း ၈၀၀ ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်-မန္တလေးအမြန်လမ်း၌ ဖြစ်ပွားခဲ့သည့် ခရီးသည်တင်ယာဉ် ခုံးကျော်တံတားအောက်ပြုတ်ကျ၍ ၁၄ ဦးသေဆုံး၊ ၂၉ ဦး ဒဏ်ရာရရှိသည့်အမှုမှ ယာဉ်မောင်းအား ပြစ်ဒဏ်များ အသီးသီးချမှတ်

**နေပြည်တော် စက်တင်ဘာ ၁၂**

၂၀၁၄ ခုနှစ် မေ ၁၂ ရက် ည ၆ နာရီ ၄၅ မိနစ်ခန့်တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၁၉၇/၆) အနီး၌ နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း မင်းခန့်(ခ)ထွန်းခန့်စိုး မောင်းနှင်လာသော "ရာဇာမင်း"ခရီးသည်တင် မှန်လုံယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ဝက်လက်မီးရထားခုံးကျော်တံတားထိပ်အား ဝင်ရောက်တိုက်မိကာ တံတားအောက်သို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါခရီးသည် ၄၆ ဦးအနက် ၁၄ ဦးသေဆုံး၊ ၂၉ ဦး ဒဏ်ရာရရှိခဲ့သောကြောင့် မင်းခန့်(ခ)ထွန်းခန့်စိုးအား ပလွေးအမြန်လမ်းရဲစခန်းက ယာဉ်(ပ)၁၂/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၄-က/၃၃၈/၃၃၇/၂၇၉ ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။ အဆိုပါအမှုမှ ယာဉ်မောင်း မင်းခန့်(ခ)ထွန်းခန့်စိုးအား ၁၃-၆-၂၀၁၄ ရက်တွင် ပလွေးအမြန်လမ်းရဲစခန်း စွဲချက်အမှတ် (၉/၂၀၁၄)၊ ပြစ်မှုပုဒ်မ ၃၀၄-က/၃၃၈/၃၃၇/၂၇၉ ဖြင့်လည်းကောင်း၊ အခင်းဖြစ်စဉ်က ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်ကြောင်း စစ်ဆေးပေါ်ပေါက်၍ မော်တော်ယာဉ်ဥပဒေပုဒ်မ ၂၁/၆၄ ဖြင့်လည်းကောင်း တရားစွဲတင်ပို့ရာ လယ်ဝေးမြို့နယ်တရားရုံးမှ လက်ခံစစ်ဆေးခဲ့ပြီး ၁၃-၆-၂၀၁၄ ရက်တွင် မင်းခန့်(ခ)ထွန်းခန့်စိုးအား မော်တော်ယာဉ်ဥပဒေပုဒ်မ ၂၁/၆၄ အရ အလုပ်နှင့် ထောင်ဒဏ်သုံးလ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ထို့နောက် အမှုအား ဆက်လက်စစ်ဆေးဆောင်ရွက်ခဲ့ပြီး ၉-၉-၂၀၁၄ ရက်တွင် မင်းခန့်(ခ)ထွန်းခန့်စိုးအား ပြစ်မှုပုဒ်မ ၃၀၄-က အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်၊ ပြစ်မှုပုဒ်မ ၃၃၈ အရ အလုပ်နှင့် ထောင်ဒဏ် ငါးနှစ်၊ ပြစ်မှုပုဒ်မ ၃၃၇ အရ အလုပ်နှင့် ထောင်ဒဏ် နှစ်နှစ်တို့ အသီးသီးချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

GUSTO
Institute of Information Technology



ယနေ့ ၂၁ ရာစုမှာ အလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာ ပညာရှင် ဖြစ်လိုပါသလား ?
နိုင်ငံတကာ တက္ကသိုလ်ကြီးများမှ B.Sc.(Hons:) Computing ဘွဲ့ကို ပြည်တွင်း၌ အချိန်တိုအတွင်း စရိတ်သက်သာစွာဖြင့် ရယူလိုပါသလား ?
တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ထားသူများ September Intake သို့ လျှောက်ထားနိုင်ပါပြီ
International Diploma / Degree Program
HND Diploma in Computing (UK)
B.Sc.(Hons:) Computing (UK)
Call us:
09-86 28806,
09-730 31302
Admission Office : #289 (A), Pyay Road, Sanchaung Township, Yangon

ချမ်းပိုင်သစ္စာ
ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)
ပုပ္ပါး၊ ပုဂံ၊ ပဒုက္ကာ။
တောင်ကြီး၊ အင်းလေး၊ ပင်းတယ
562829,569782,09-73198239

မြေကွက်များဝယ်လိုသည်
ရန်ကုန်မြို့ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ဆိပ်ကမ်း
တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ
ဝယ်လိုသည်။
-၀၉-၄၄၈၀၂၅၇၄၂
၀၉-၄၂၀၁၀၇၀၂၁
၀၉-၇၃၂၃၄၆၅၆

# ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ မူဝါဒဆိုင်ရာ ကြေညာချက်ထုတ်ပြန်



စက်တင်ဘာ ၁၂ရက်က ထိုင်းပါလီမန်တွင် ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ မူဝါဒဆိုင်ရာ မိန့်ခွန်းပြောကြားစဉ်။

**ဗန်ကောက် စက်တင်ဘာ ၁၂**

ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာသည် ၎င်း၏ ပထမဆုံးသော မူဝါဒဆိုင်ရာ ကြေညာချက်ကို ထုတ်ပြန်နိုင်ရန် စက်တင်ဘာ ၁၂ရက်က ပါလီမန်တွင် မိန့်ခွန်းပြောကြားသည်။ ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော မိန့်ခွန်းမှာ နှစ်နာရီကြာမြင့်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။ မေ ၂၂ ရက်က တပ်မတော်က အာဏာသိမ်းခဲ့ပြီးနောက် စစ်အုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အာဏာကို ရယူခဲ့သည်။ဗိုလ်ချုပ်ကြီးပရာယွတ်၏ မူဝါဒဆိုင်ရာ မိန့်ခွန်းသည် စစ်အုပ်ချုပ်ရေးကောင်စီ၏ အာဏာပိုင်စိုးမှုကို ခိုင်မြဲစေကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။

ထိုင်းနိုင်ငံတွင် ဗိုလ်ချုပ်ကြီး ပရာယွတ်ကို ဝန်ကြီးချုပ်သစ်အဖြစ် ပါလီမန်က ရွေးချယ်တင်မြှောက်ခဲ့သည်။ ထိုင်းနိုင်ငံ၌ ဆူပူမငြိမ်မသက်မှုကို ဖြစ်ပေါ်စေသော ဆန္ဒပြမှုများ အဆုံးသတ်စေရန် လိုအပ်ခြင်းကြောင့် တပ်မတော်က နိုင်ငံရေးတွင် ကြားဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးပရာယွတ်က ပြောကြားသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို အကောင်အထည်ဖော်ပြီးသည့်အခါ ဒီမိုကရေစီကို ပြန်လည်၍ အသက်ဝင်စေမည်ဖြစ်ကြောင်း ၎င်းက ကတိပြုခဲ့သည်။ ထိုင်းနိုင်ငံ၏ ဘုရင်စနစ်ကို ကာကွယ်စောင့်ရှောက်ရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပရာယွတ်က ပြောကြားသည်။ **ရိုက်တာ။**

## မာလာလာအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် တာလီဘန်အဖွဲ့ကို ပါကစ္စတန်စစ်တပ် ဖမ်းဆီးမိ

**အစ္စလာမ်မာဘတ် စက်တင်ဘာ ၁၂**

ပါကစ္စတန်နိုင်ငံတွင် အမျိုးသမီးများ ပညာသင်ယူခွင့်ရရှိရေး တက်ကြွလှုပ်ရှားသူ မာလာလာယူဆွဖ်ဇိုင်းအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သော စစ်သွေးကြွများကို ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ပါကစ္စတန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အမျိုးသမီးများ ပညာသင်ယူခွင့်ရရှိရေးအတွက် တက်ကြွလှုပ်ရှားသူ မာလာလာကို တာလီဘန်လက်နက်ကိုင်အဖွဲ့က ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ဦးခေါင်းထိမှန်ခဲ့သည်။

မာလာလာ ယူဆွဖ်ဇိုင်းအား ပစ်ခတ်ခဲ့သော လက်နက်ကိုင်တပ်ဖွဲ့ကို ဖမ်းဆီးလိုက်ပြီဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီး အာဆင်ဘာဂွယ်က ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

တာလီဘန်လက်နက်ကိုင် ၁၀ ဦးကို ပါကစ္စတန်စစ်တပ်၊ ရဲများနှင့် ထောက်လှမ်းရေးအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အသက်(၁၅)နှစ်အရွယ်တွင် ဦးခေါင်းကို သေနတ်ဖြင့် ပစ်ခတ်ခြင်းခံခဲ့ရသူ မာလာလာသည် အမျိုးသမီးများ ပညာသင်ယူမှု အခွင့်အရေးတစ်ရပ်တောင်းဆိုမှုဖြင့် လူသိများ ကျော်ကြားလာခဲ့သည်။ **ဘီဘီစီ။**

## ဂျပန်၌ အသက်ရာကျော်ရှိပြည်သူဦးရေ ၅၈၈၂၀ အထိ စံချိန်တင်မြင့်တက်

**တိုကျို စက်တင်ဘာ ၁၂**

ဂျပန်နိုင်ငံ၌ အသက် ၁၀၀ သို့မဟုတ် အသက်ရာကျော် ရှိသည့် ပြည်သူဦးရေ စံချိန်တင်မြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ၌ အသက်ရာကျော်ရှိသည့် ပုဂ္ဂိုလ်ဦးရေသည် စက်တင်ဘာ ၁ရက် အခြေပြစာရင်းအရ ၅၈၈၂၀ အထိ စံချိန်တင်မြင့်တက်လာကြောင်း၊ လွန်ခဲ့သည့်နှစ် အလားတူ ကာလကထက် ဦးရေ ၄၄၂၃ ဦး ပိုမိုတိုးပွားလာခြင်းဖြစ်ကြောင်း၊ အသက်ရာကျော်ပုဂ္ဂိုလ်များအနက် ၈၇ ဒသမ ၁ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ၌ ပျမ်းမျှပြည်သူ ၁၀၀၀၀၀ လျှင် ၄၆ ဒသမ ၂၁ ဦးမှာ အသက်ရာကျော်ပုဂ္ဂိုလ်များဖြစ်ကြသည်။

ဂျပန်နိုင်ငံ၏ အသက်ရာကျော် ဘိုးဘွားများတွင် အသက် ၁၁၆ နှစ်ရှိ အမျိုးသမီးကြီး မီဆာအိုအိုကာဝါနှင့် အသက် ၁၁၁ နှစ်ရှိ အမျိုးသားကြီး ဆာကာရီမိုမိုအိတို့ ပါဝင်ကြပြီး ၎င်းတို့၏ အသက်အရွယ်ကို ဂင်းနက်စ် ကမ္ဘာ့မှတ်တမ်းများစာအုပ် ထုတ်ဝေရေးအဖွဲ့က အတည်ပြုပေးခဲ့သည်။

ဂျပန်နိုင်ငံတွင် ၁၉၆၃ ခုနှစ်က အသက်ရာကျော် ပုဂ္ဂိုလ် ၁၅၃ ဦးသာရှိခဲ့ကြောင်း စစ်တမ်းတွင် ဖော်ပြသည်။ ဂျပန်လူမျိုး အမျိုးသမီးများ၏ မျှော်မှန်းနိုင်သောဘဝ သက်တမ်းမှာ ၈၆ ဒသမ ၆၁ နှစ်ဖြစ်ပြီး ကမ္ဘာပေါ်တွင် လူမျိုးအလိုက် အမြင့်ဆုံးသက်တမ်းဖြစ်သည်။ အမျိုးသားများ၏ မျှော်မှန်းနိုင်သော ဘဝသက်တမ်းမှာမူ ၈၀ ဒသမ ၂၁ နှစ်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ လေ့လာချက် တွင် ဖော်ပြသည်။ **ပီတီအိုင်။**


လွန်ခဲ့သည့်နှစ်က ကျိုတိုမြို့၌ ကျင်းပသော နိုင်ငံတကာ အပြေးပြိုင်ပွဲတွင် အသက်၁၀၃ နှစ်ရှိ ဂျပန်လူမျိုး တာတိုအပြေးသမား ဟိုက်ဒဲကိချီမီယာဇာကီ ပါဝင်ယှဉ်ပြိုင်မှု မှတ်တမ်းပုံ။

## ဖိလစ်ပိုင်ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များကို ဆီးရီးယားလက်နက်ကိုင်များ ပြန်လွှတ်ပေး

**ဒမတ်စကတ် စက်တင်ဘာ ၁၂**

အယ်လ်ခိုင်ဒါ အဖွဲ့နှင့် ဆက်နွယ်မှုရှိသည့် လက်နက်ကိုင်တစ်ဖွဲ့က ၎င်းတို့ဖမ်းဆီးထားသည့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့မှ ဖီဂျီတပ်ဖွဲ့ဝင် ၄၅ဦးကို စက်တင်ဘာ ၁၁ ရက်တွင် ပြန်လည်လွှတ်ပေးလိုက်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၎င်းအဖွဲ့က ဆီးရီးယား ဂိုလန်ကုန်းမြင့်မှ ဖမ်းဆီးခဲ့သည့် ဖီဂျီတပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၁၁ရက် ဒေသစံတော်ချိန် ၂နာရီခွဲတွင် ကုလသမဂ္ဂ အပစ်အခတ်ရပ်စဲမှုစောင့်ကြည့်လေ့လာရေးတပ်ဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ဖီဂျီတပ်ဖွဲ့ဝင်များ အားလုံးမှာ အခြေအနေကောင်းမွန်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

လွန်ခဲ့သည့်လက ဂိုလန်ကုန်းမြင့်ဒေသ စစ်မဲ့ဇုန်တွင် အယ်လ်နူဆာရာတပ်ဦးအမည်ရှိ အဖွဲ့နှင့် ဆီးရီးယား အစိုးရတပ်ဖွဲ့များ တိုက်ခိုက်မှုများ ဖြစ်ပွားစဉ်အတွင်း ဖီဂျီငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ အဖမ်းခံခဲ့ကြရသည်။ မိမိတို့၏ အဖွဲ့အစည်းအား ကုလသမဂ္ဂကသတ်မှတ်ထားသော အကြမ်းဖက်အဖွဲ့အစည်းများ စာရင်းတွင် ထည့်သွင်းထားခြင်းမှ ပယ်ဖျက်ပေးရန် အဆိုပါအဖွဲ့က တောင်းဆိုခဲ့ကြောင်း ဖီဂျီအာဏာပိုင်များက ပြောကြားကြသည်။ **ရိုက်တာ။**

# မူးယစ်ငွေများ ခဝါချသည့် ကွန်ရက်များကို လော့စ်အိန်ဂျလိစ်ရဲတပ်ဖွဲ့ ဝင်ရောက်စီးနင်း

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၁၂

**အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့ရှိ စီးပွားရေးလုပ်ငန်းအများအပြားကို ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်း၍ လူကိုးဦးကို ဖမ်းဆီးပြီး ဒေါ်လာသန်း ၇၀ ဖိုးရှိ ငွေစက္ကူများကိုလည်း သိမ်းဆည်းခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။ အဆိုပါ သိမ်းဆည်းရမိသော ငွေစက္ကူများသည် မက္ကဆီကိုမူးယစ်ဆေးဝါး ရောင်းဝယ်သော ဒုစရိုက်ဂိုဏ်းအဖွဲ့များကိုယ်စား ငွေမည်းမှ ငွေဖြူသို့ ခဝါချမည့်ငွေများဖြစ်သည်ဟု ၎င်းတို့က သံသယရှိကြောင်း ရဲအရာရှိများက ပြောသည်။**



လော့စ်အိန်ဂျလိစ်မြို့ရှိ ဖက်ရှင်ပစ္စည်းများ ရောင်းချရာဆိုင်များကို ရဲတပ်ဖွဲ့က စီးနင်းစဉ်။

နံနက် အရုဏ်တက်ချိန်၌ ဆင်နွှဲသော စစ်ဆင်ရေးတွင် ရဲတပ်ဖွဲ့ဝင် ၁၀၀၀ ကျော်က လော့စ်အိန်ဂျလိစ်မြို့၏ ဖက်ရှင်ခရိုင်အတွင်းမှ စီးပွားရေးလုပ်ငန်း ဒါဇင်ပေါင်းများစွာကို ဝင်ရောက်ရှာဖွေခဲ့သည်။

ကုန်လှောင်ရုံတစ်ခုတည်းအတွင်းမှာပင် ငွေစက္ကူဒေါ်လာ ၃၅သန်းဖိုးကို ရဲတပ်ဖွဲ့က တွေ့ရှိခဲ့သည်။

ငွေစက္ကူများကို ခရီးဆောင်သေတ္တာများ၊ အိတ်လုံးရှည်ကြီးများဖြင့် အပြည့်အသိပ်ထည့်၍ ပုံမှန်သယ်ယူလာခြင်းဖြင့် လော့စ်အိန်ဂျလိစ်မြို့သည် မူးယစ်ဒေါ်လာငွေများကို ခဝါချသည့် ဗဟိုဌာနဖြစ်လာနေပြီဖြစ်ကြောင်း အမေရိကန် လက်ထောက်ရှေ့နေတစ်ဦးက ပြောကြားသည်။

ရဲတပ်ဖွဲ့ကစီးပွားရေးလုပ်ငန်း ၅၀ ခန့်ကို ရှာဖွေရာတွင် ငွေစက္ကူအမြောက်အမြားကို တွေ့ရှိခဲ့သည်။ စုစုပေါင်း ခန့်မှန်းခြေ ဒေါ်လာသန်း ၉၀ သိမ်းဆည်းရမိခဲ့ရာတွင် ငွေစက္ကူဒေါ်လာသန်း ၇၀ ပါဝင်ကြောင်း ရှေ့နေချုပ်ရုံးမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

မက္ကဆီကိုရှိ မူးယစ်ဆေးဝါးဂိုဏ်း ဆီနာလိုအာက ဓားစာခံအဖြစ် ဖမ်းဆီးထားသော အမေရိကန်နိုင်ငံသားတစ်ဦးကို ပြန်လွှတ်ပေးရန် ပြန်ပေးရွေးငွေအဖြစ် ဒေါ်လာ ၁၄၀၀၀၀ ကို စီးပွားရေးလုပ်ငန်းတစ်ခုက တရားမဝင်လွှဲပြောင်းပေးပို့ခဲ့သည်ဟု ရှေ့နေများက စွပ်စွဲသည်။

မက္ကဆီကိုမှ မူးယစ်ဆးဝါး တရားမဝင်ရောင်းဝယ်သူများသည် တရားမဝင် ရရှိထားသော ၎င်းတို့၏ ဒေါ်လာများကို မက္ကဆီကိုသုံးငွေ ပီဆိုသို့ ပြောင်းလဲရာတွင် အမေရိကန်စီးပွားရေးလုပ်ငန်းများကို ကြားခံအဖြစ် အသုံးပြုလျက်ရှိသည်ဟု တာဝန်ရှိသူများက ပြောသည်။ ၎င်းတို့သည် ၎င်းတို့၏ တရားမဝင် ဒေါ်လာများဖြင့် အမေရိကန်နိုင်ငံတွင်းမှ ကုန်ပစ္စည်းများကို ဝယ်ယူ၍ မက္ကဆီကိုနိုင်ငံသို့တင်ပို့ပြီး မက္ကဆီကိုတွင် ကုန်ပစ္စည်းများကို ရောင်းချခြင်းဖြင့် ငွေဖြူအဖြစ်ရယူကြသည်။ ယင်းကို ပီဆိုလဲလှယ်ရေး ငွေမည်းဈေးကွက်ဟု လူသိများသည်။

ယင်းသို့သော နည်းလမ်းကို အသုံးပြုခြင်းဖြင့် ဒေါ်လာငွေ အမြောက်အမြားကို နယ်စပ် ဖြတ်ကျော်၍ သယ်ဆောင်ရခြင်းနှင့် အာဏာပိုင်များ သတိထားမိစေမည့် ဘဏ္ဍာရေးအဖွဲ့အစည်း လမ်းကြောင်းများမှတစ်ဆင့် လွှဲပို့ခြင်းများကို ရှောင်လွှဲနိုင်ကြသည်။ **ဘီဘီစီ။**

## ပြည်တွင်းရေးရာ


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံတကာဆက်ဆံရေးဌာနဝန်ကြီး မစ္စတာ ဝမ်ကျားလွေ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှ‌ဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ရန်ဟို့လန်လည်း တက်ရောက်သည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ သံတမန်ဆက်သွယ်မှုကို ၁၉၅၀ ပြည့်နှစ် ဇွန် ၈ ရက်တွင် စတင်ထူထောင်ခဲ့၍ မြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးမှာ (၆၅) နှစ်မြောက်ရှိခဲ့ပြီဖြစ်ပြီး မြန်မာ-တရုတ်-အိန္ဒိယ နိုင်ငံ့ခေါင်းဆောင်များ၏ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးစာချုပ်ကို ချုပ်ဆိုခဲ့သည့် နှစ် (၆၀) ပြည့် အခါသမယလည်းဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံတကာဆက်ဆံရေးဌာနဝန်ကြီး မစ္စတာ ဝမ်ကျားလွေ့အား လက်ခံတွေ့ဆုံစဉ်။ (မြဝတီ)



# ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၂**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) H.E.Mr. Sjafrie Sjamsoeddin နှင့်အဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို အား ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီးဌာန အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၂**

နိုင်ငံခြားရေးဝန်ကြီးဌာန အမှုထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၃/၂၀၁၄) ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပရာ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဦးတင်ဦးလွင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီး ဦးသန့်ကျော်က နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လက်ရှိ၌ ဝန်ထမ်းပေါင်း ၉၀၀ ကျော်ရှိပြီး ဝန်ထမ်းပေါင်း ၂၅၀၀ ကျော်အထိ တိုးချဲ့ဖွဲ့စည်းနိုင်အောင် လုပ်ဆောင်ထားရှိကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံရှိသည့်အနက် နိုင်ငံပေါင်း ၁၁၅ နိုင်ငံနှင့်သံတမန်ဆက်သွယ်ထားပြီဖြစ်ကြောင်း၊ သံတမန်ဆက်သွယ်ရေးတိုးချဲ့ဆောင်ရွက်သွားရန် နိုင်ငံများလည်းကျန်ရှိနေသေးကြောင်း၊ ထို့အတူ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံပေါင်း ၃၃ နိုင်ငံတွင် မြန်မာသံရုံး၊ မြန်မာအဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ၄၀ ကို ဖွင့်လှစ်ထားရှိကြောင်း၊ သံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ တိုးချဲ့ဖွင့်လှစ်ရန် အစီအစဉ်များလည်းရှိကြောင်း၊ မြန်မာနိုင်ငံ၌လည်း နိုင်ငံတကာမှ သံရုံးများဖွင့်လှစ်ထားရှိကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲနေသော အခြေအနေများကြောင့် မြန်မာနိုင်ငံတွင် သံရုံးလာရောက်ဖွင့်လှစ်သည့် နိုင်ငံအရေအတွက်သည် တစ်နေ့တခြား တိုးမြင့်လာလျက်ရှိကြောင်း၊ မကြာခင်မှာ မြန်မာနိုင်ငံ၌ နိုင်ငံခြားသံရုံးပေါင်း ၅၀ ခန့်ရှိလာတော့မည်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံကို ပြည်ပ အိမ်နီးချင်းနိုင်ငံများမှ ပူးတွဲတာဝန်ယူသော သံအမတ်ကြီးပေါင်း နိုင်ငံပေါင်းသည်လည်း ၃၉ နိုင်ငံရှိကြောင်း၊ ယင်းကို ကြည့်ပါက နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်သည် ပိုမိုများပြားလာပြီး နက်ရှိုင်းလာသည်ကို တွေ့ရမှာဖြစ်ကြောင်း။

ပြည်ပမှာရှိသော မြန်မာနိုင်ငံသားများ အကျိုးဆုံးရှုံးမှုများရှိလျှင် ပြန်လည်ရရှိလာစေရန်၊ ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိစေရန်၊ ကာကွယ်စောင့်ရှောက်ပေးရန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာ လုပ်နည်းကိုင်နည်းများ၊ မြန်မာသံရုံးများက မိခင်ဝန်ကြီးဌာနနှင့် မည်သို့ဆက်သွယ်သည်၊ မည်သို့တင်ပြရမည် စသည်များ၊ သံရုံးဘဏ္ဍာရေးကိုယ်တွယ်ဆောင်ရွက်နိုင်မှု၊ ရှင်းလင်းနိုင်မှု စသည်တို့ကို အချိန်တိုအတွင်း စုစည်းလေ့လာခွင့်ရရှိစေရန် ဤသင်တန်းကာလ နှစ်ရက်အတွင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သော သင်တန်းသို့ဝန်ကြီးဌာနမှ အမှုထမ်း ၄၀ တက်ရောက်ခဲ့ကြပြီး ယနေ့အထိ ဖွင့်လှစ်ပို့ချပြီးသည့် အရာထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အပတ်စဉ်နှစ်ခုနှင့် အမှုထမ်းများအတွက် စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းသုံးခုတို့သို့ တက်ရောက်ပြီးစီးသည့် အရာထမ်းဦးရေ ၇၃ ဦးနှင့် အမှုထမ်းဦးရေ ၁၄၄ ဦး ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Ayarwaddy Legend Travels & Tours မှ စီစဉ်သော
စိန်ရောင်ခြည်
ဘုရားဖူးပန်ဆောင်မှုလုပ်ငန်း
အိန္ဒိယနိုင်ငံရှိ ဘုရားပွင့်ရာ သံဝေဇနိယလေးဌာန၊ အဂ္ဂဗဟိုတလေးဌာန၊ နယူးဒေလီ၊ တပ်ချ်မဟာ၊ အိန္ဒိယစံတပ်သို့
(၁၄ညအိပ်/၁၅ရက် ခရီးစဉ်များ) ၉ သိန်းခွဲ
(၇ညအိပ်/၈ရက် ခရီးစဉ်များ) ၇ သိန်းခွဲ
သီရိလင်္ကာနိုင်ငံ ဗုဒ္ဓမြတ်စွယ်တော်၊ မဟာဗောဓိညောင်ပင် နေရာများသို့ (၆ညအိပ်/၇ရက် ခရီးစဉ်)
ခရီးစဉ်တလျှောက်လုံး စိတ်ချမ်းမြေ့စွာ ကုသိုလ်ယူနိုင်ရန် နွေးထွေး ပြည့်စုံသော ဝန်ဆောင်မှုများပေးခြင်း၊ အုပ်စုအဖွဲ့များအနေဖြင့် ၁၆ ဦးလျှင် ၁ ဦး အခမဲ့ လိုက်ပါခွင့်ရှိပါသည်။
တစ်လ ကြိုတင်စာရင်းပေးသွင်းခြင်းဖြင့် Discount များရယူပါ။
ရန်ကုန် - အမှတ်(၁၀၄)၃၇လမ်း၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - (၉၅-၁)၊ ၂၅၂၀၀၇၊ ၂၅၂၀၀၈၊ ၃၉၈၃၀၃၊ ၃၇၇၆၉၇၊ ၂၅၀၉၀၉
မန္တလေး - အမှတ်(၇၆)၊ လမ်း၃၀၊ (၇၃-၇၄)လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၉-၄၀၂၆၉၄၈၄၈၊ ၀၉-၈၆၀၀၂၁၈

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
For April Series 2-2015
SAYA U NAY LIN AUNG
(B.Com, C.P.A)
LCCI (UK) Level I, II & III
1.9.2014 မှစတင်ပြီးကျောင်းအပ်လက်ခံမည်။
Tel: 01 -504737, 512900, 09 4500 22646, 09 73108409, 09 5170105
အမှတ် - (၁၈၊ ၃အေ၊၆ဘီ)၊ ဦးထွန်းလင်းခြံလမ်း၊ သခြေညို(၂)တိုက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
တာမွေကျောင်းခွဲ - ၀၁-၅၅၆၄၂၅၊ ၀၉ ၃၀၁၆၇၂၇၂

အင်္ဂလိပ်စာကို Native Speaker နဲ့ သင်ချင်ပါသလား
EDULINK

Enroll Now! September လအတွက် တန်းခွဲသစ်တွေ လက်ခံနေပါပြီ။
Contact Mail: info@edulinkaustralia.com
www.facebook.com/edulink.aus
Address: Building 4, Junction Square, Kamaryut Township, Yangon.
Contact: 09 4211 19895, 09 731 62586

# သမားတို့၏ဖခင် ဆရာဇီဝကနှင့် ဆရာဟစ်ပိုကရေတီ

ယု ဝ တီ ခင် ဦး

"အန်တီရေ ဘယ့်နှယ်လဲ ဖြူဖြူဆံပင်ဒီလိုထားတာမျိုးကို သဘောကျပြီလား" ပန်းပွင့်လိုနုနေသောမျက်နှာ၊ လိပ်ပြာတောင်ပံခတ်သလို ကော့ပျံနေသော မျက်တောင်နက်များ၊ ခါးအထိရှည်၍နွဲ့နက်မှောင်နေသော ဆံကေသာကို ဝေ့ကာ ဝဲကာ ဝိုက်ကာဖြင့် ခါးကိုလာဖက်သောတူမလေး ဒေါက်တာမပွင့်ဖြူအား ကြည်နူးသောအပြုံးများဖြင့် ပြန်၍ ဖက်လိုက်မိပါသည်။

"အေး အန်တီက ဒီလိုမြန်မာဆန်ဆန်နဲ့ယဉ်ကျေးတဲ့ ဆံပင်ရှည်ထားတာကိုမှ ကြိုက်တာ။ ကိုယ်က သူတစ်ပါးအသက်ကို ကယ်ဆယ်ကုသရမယ့် ဆရာသမားမဟုတ်လား။ နေတာ ထိုင်တာ၊ ဝတ်တာ၊ စားတာ၊ ပြောတာဆိုတာကအစ လူမမာတွေ ကိုယ့်ကိုမြင်ရင်လေးစားသွားအောင်၊ အားရှိသွားအောင်၊ တစ်ခါတည်းယုံကြည်အားကိုးလာအောင် နေတတ် ထိုင်တတ်ရမယ်။ ပြီးတော့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုဆိုတာကလည်း အလုပ်ဆင်းတဲ့အခါမှာ မြန်မာဆန်ဆန်ဝတ်စားပြီး ဆံပင်လေးကိုအနောက်မှာ မြင့်မြင့်ထုံး၊ ဂျူတီကုတ်လေး ဝတ်ထားလိုက်ရင် ကျောင်းဆရာမတွေ ကျောင်းမှာ အင်္ကျီအဖြူလက်ရှည်၊ ထဘီစိမ်းနဲ့ ဂျူတီအရ ဝတ်သလိုမျိုးပဲကျက်သရေရှိတာပေါ့ တူမရဲ့"

တူဝရီးနှစ်ယောက် တစ်ယောက်ခါးကိုတစ်ယောက်ဖက်ပြီးခြံထဲသို့လမ်းလျှောက်ဆင်းခဲ့ကြသည်။ ပန်းဝတ်မှုန်ရနံ့သင်းနေသော လေချိုအေး၊ မြကော်ဇော ရောင်စိမ်းနေသော မြက်ခင်း၊ဟိုအဝေးက ပိတောက်ပင်တွင် တကူးကူးကူ သီဆိုနေသော ချိုးငှက်ကလေး"

"အန်တီရေ သမားတော်ကြီးတွေ ပေါ် ပေါက်လာတဲ့အကြောင်းကို ဟစ်ပိုကရေတီတို့ကစတဲ့ သမိုင်းကြောင်းလောက်ကိုသာ နည်းနည်းပါးပါးသိတယ်။ မြန်မာ့သမိုင်းမှာကျော်ကြားတဲ့ သမားတော်ကြီးတွေအကြောင်းကော မသိဘူးလားဟင်"

"အေး အန်တီလည်း သမားတော်ကြီးတွေ စပြီးပေါ် ပေါက်လာတဲ့အကြောင်း ဆောင်းပါးရေးထားတာနဲ့ အတော်ပဲ။ ဟောဒီ ဒန်းကလေးပေါ် မှာထိုင်ပြီး ဒီစားပွဲပေါ် ကစာမူကလေးကို ယူဖတ်ကြည့်စမ်းပါ။ ဟစ်ပိုကရေတီမပေါ် ခင် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်ဘုရားရှင်လက်ထက်တော်ကတည်းက သမားတော်ကြီး ဆရာဇီဝကဆိုတာ ရှိခဲ့တယ်လေ။

ဗိမ္ဗိသာရမင်းကြီး၏သားတော်ဖြစ်သော ဆရာဇီဝကလောင်းလျာသည် ငယ်စဉ်ကတည်းကပင် -

"လူတို့ရွာ၌ အတတ်ပညာမရှိက အသက်မွေးခက်လှချေသည်။ တစ်စုံတစ်ခုသောပညာတတ်မှ လူခပ်သိမ်းလည်း ရိုသေမည်။ အသက်မွေးလည်း သက်သာမည်။ တစ်ခုခုသောပညာကို ငါသင်ဦးအံ့။ ဆေးအတတ်မူကား သတ္တဝါတို့အား သနားခြင်း ကရုဏာနှင့်ယှဉ်၏။ သူတစ်ပါးအကျိုးစီးပွားကိုလည်း ဆောင်၏။ ကိုယ့်အကျိုးစီးပွားကိုလည်း ဆောင်၏။ ဘုရားသခင်တို့အားလည်း သူတစ်ပါးမလုပ်ကျွေးသောဆေးပစ္စည်းဖြင့် လုပ်ကျွေးပူဇော်ရာ၏။ ထို့ကြောင့် ဆေးအတတ်ကိုသင်ရသော်ကောင်း၏" ဟု ကြံစည်ခဲ့ပြီး ဒိသာပါမောက္ခဆရာကြီးနှင့် ဆေးအတတ်ပညာကို ခုနစ်နှစ်သင်ကြားခဲ့ပေသည်။

ဆရာဇီဝကသည် ဆေးဝါးကုသသောပညာ၊ ခွဲစိတ်ကုသသော ပညာတို့ကို သူမတူအထူးကျွမ်းကျင်သော ဆရာကြီးဖြစ်ခဲ့သည်။ တစ်ခါက ရာဇဂြိုဟ်ပြည်၏ မြောက်မျက်နှာ၌နေသော "မသာ သာကသူဌေးမင်း" သည် ခုနစ်နှစ်တိုင် ဦးခေါင်းခဲနာဖြစ်သည်ကို ညောင်စောင်းငယ်ထက်လဲလျောင်းစေပြီး "နှာ၏ အာနုဘော်" ဖြင့်အိပ်ပျော်စေခဲ့လေသည်။ထို့နောက်ဦးခေါင်းကို ခားဖြင့်ခွဲပြီးကုသပေးခဲ့ရာ အနာရောဂါကိုပျောက်ကင်းသွားသည့် အကြောင်းကို ကျမ်းဂန်၌ အထင်အရှားရှိပေသည်။

တစ်ဖန် ဗာရာဏသီပြည်၌နေသော သူဌေးသားတစ်ယောက်သည်ဦးခေါင်းဇောက်ထိုးကစားရာ၌ အူထုံးနေသော ဝေဒနာဖြစ်သွားသည့်အခါတွင် မူးမော် မေ့လျော့စေသောဆေးကိုပေးပြီး ဝမ်းဗိုက်ဖောက်ခွဲ၍ ထုံးနေသောအူကို အိမ်သူအိမ်သားတို့အား ပြလေသည်။

"ကြည့်ကြကုန်လော့။ ဤအူထုံးသောအနာကြောင့် အစာမဝင်၊ အော့အန်၊ ကျင်ကြီးကျင်ငယ်မဖြောင့်ဖြစ်ရသည်။ ဤအထုံးမပြေလျှင် မချွတ်သေရတော့မည်" ဟုဆိုပြီးမှ အူထုံးကိုအသာဖြေပြီး ဝမ်းတွင်းသို့ သွင်းမြဲသွင်းစေလျက် အသားလွှာ၊ အဆီလွှာ၊ အပေါ် ရေလွှာများကို တစ်ထပ်ပြီးတစ်ထပ်ချုပ်ပြီး ဆေးဖြင့် လိမ်းကျံခဲ့၍ နှစ်ရက်၊ သုံးရက်အတွင်း ပကတိပျောက်ကင်းခဲ့ဖူးလေသည်။ ကျမ်းဂန်တို့တွင် ဖော်ပြထားသည့် ခွဲစိတ်ကုသနည်းတို့မှာ သိပ္ပံနည်းကျကျဖြင့် ပါရဂူများ၏ ခွဲစိတ်ကုသနည်းအတိုင်း လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းကပင် သမားတော်ဆရာဇီဝကမှ စတင်ခွဲစိတ်ကုသပေးခဲ့ပြီးဖြစ်ပေသည်။

ဆရာဇီဝကသည် ကံကုန်သောအနာကို ချန်ခြွင်း၍ အခြားစိတ္တဇ၊ ဥတုဇ၊ အာဟာရအနာရောဂါတို့ကို တစ်ကြိမ်ဆေးပေးရုံမျှနှင့် ပျောက်ကင်းစေသော ဆေးအတတ်ကိုလည်း တတ်ပေသည်။ ဖျားနာခြင်း၊ အစာမကြေခြင်းအစရှိသည့် ရောဂါဝေဒနာများကိုလည်း ခဏချင်းပင် ပျောက်ကင်းအောင် ကုသနိုင်စွမ်းရှိခဲ့၏။ ရရှိခဲ့သော ကြေးငွေတို့မှာ သမာအာဇီဝဖြစ်ပြီး လှူဒါန်းခြင်း၊ သာသနာပြုခြင်း အစရှိသည့် လုပ်ငန်းတို့ကို ပြုလုပ်ခဲ့ပေသည်။

သမားတို့၏ ဖခင် ဟစ်ပိုကရေတီသည် ခရစ်မပေါ် မီ ၄၆၀ ခုနှစ်တွင် အေးရှားမိုင်းနာရှိ (ကော့စ်)ခေါ်သော ကျွန်းကလေးတွင် ဖွားမြင်ခဲ့ပေသည်။ ထိုခေတ်ထိုအခါတွင် သိပ္ပံ၊ လက်နက်ကိရိယာဆန်းများ မရှိသော်ငြားလည်း ဟစ်ပိုကရေတီ၏ ဦးနှောက်အတွေးအခေါ်သည် သိပ္ပံဆန်၏။

လူနာကို စမ်းသပ်စစ်ဆေးရာတွင် "အလွယ်တကူမြင်နိုင်သောအရာများနှင့် အရေးကြီးသောအချက်တို့ကို ရှေးဦးစွာစမ်းရမည်။ မြင်နိုင်၊ ကြားနိုင်၊ တွေ့နိုင်၊ ကိုင်တွယ်နိုင်သောအရာများကို အရင်စမ်းသပ်ရမည်။ ဆီးနှင့်ဝမ်းတို့ကိုလည်း စစ်ဆေးရမည်။ အသက်ရှူပုံ၊ ချွေးထွက်ပုံ၊ လူနာနေထိုင်ပုံတို့ကိုလည်း စမ်းသပ်ရမည်"ဟု သင်ကြားခဲ့ပေသည်။

တစ်ခုသောဒေသတွင် လူနာကိုစမ်းသပ်ကုသရန် ရည်ရွယ်လျှင် ၎င်းဒေသ၏ အလုပ်အကိုင်၊ အနေအထိုင်၊ ရာသီဥတု၊ နေပူမိုးရွာ၊ လေတိုက်ခတ်ပုံ၊ မြေကြီးအင်္ဂါရပ်တို့ကို ဦးစွာလေ့လာပါဟု သွန်သင်ခဲ့ပေသည်။

ရောဂါကုသရာတွင် သဘာဝကိုအလောတကြီးဝင်ရောက် စွက်ဖက်ခြင်းမပြုဘဲ အစားအသောက်၊ အနေအထိုင်ပြုပြင်ပေးပြီး ဆေးဝါးအနည်းငယ်ဖြင့် ရောဂါမြောက်မြားစွာ အလိုအလျောက်ပျောက်ကင်းစေသည်ကို ပိုမို၍ နှစ်သက်စေခဲ့ပေသည်။ ဓာတ်စာအဖြစ် အသုံးပြုသည်မှာ ဆန်ပြုတ်နှင့်ပျားရည်တို့ဖြစ်သည်။

ဟစ်ပိုကရေတီသည် ဦးခေါင်းကိုခွဲစိတ်ကုသပေးခြင်း၊ အရိုးကျိုးသည်ကို ပြန်ဆက်စေခြင်း၊ ခွဲစိတ်ရာတွင် ရေနွေးအသုံးပြုပုံ၊ အလင်းရောင်အနေအထား၊ ခွဲစိတ်ကိရိယာများ၊ ဆေးဝါးများကူညီသူများအကြောင်းတို့ကို ကျမ်းဂန်ပြုစုခဲ့ပေသည်။

ဟစ်ပိုကရေတီပြုစုခဲ့သော ကျမ်းများတွင် အသုံးကျဆုံးသောကျမ်းမှာ ဆေးပညာသစ္စာတရား ညွှန့်ပေါင်းကျမ်းပင်ဖြစ်ပေသည်။ ၁၉ ရာစုအထိ သမားတို့၏ လက်သုံးစာပေဖြစ်ခဲ့ပေသည်။ သမားအစဉ်အဆက်တို့ ယနေ့ထက်တိုင်အသုံးပြုနေသော ဟစ်ပိုကရေတီကျမ်းကျိန်ချက်မှာ -ပထမဦးဆုံး နတ်ဒေဝါအပေါင်းတို့အား တိုင်တည်ရပါမည်။ ထို့နောက် သမားအဖြစ်တည့်မတ်ဖြောင့်မှန်စွာ ကျင့်ဆောင်ပါမည်။ လိမ်ခြင်း၊ ခိုကပ်ခြင်း၊ အတင်းအဖျင်းပြောခြင်းမပြုလုပ်ပါ။ သားလျှောစေခြင်း၊ အဆိပ်ကျွေးခြင်း၊ မတရားကျင့်ခြင်း စသည့် မသမာသော အပြုအမူတို့ကို ရှောင်ကြဉ်ပါမည်။ ဆရာသမားတို့အား ရိုသေ၍ သမာအာဇီဝ ကောင်းမြတ်သော အသက်မွေးဝမ်းကျောင်းကို ပြုလုပ်ပါမည်ဟု ကျမ်းကျိန်ရပေသည်။

ဆေးပညာရပ်တို့တွင် သိပ္ပံနှင့် လျော်ညီသော လက်ရှိအခြေအနေတို့ကို တိုးတက်ထွန်းကားလာစေခဲ့သည်မှာ ဟစ်ပိုကရေတီ၏ ကျေးဇူးပင်ဖြစ်ပေသည်။ ဖြူဖြူသည် ဒန်းကလေးလွဲ၍ စိတ်ဝင်စားစွာဖြင့် ဖတ်နေသော စာမူကြမ်းကို မြတ်နိုးစွာဖြင့် ရင်ဝယ်ပိုက်ထွေးပြီး-

"အန်တီရေ ဆရာဇီဝကတို့ ဆရာဟစ်ပိုကရေတီတို့ လက်ထက်က သမာအာဇီဝအသက်မွေးဝမ်းကျောင်းဟာ သိပ်ပြီးမွန်မြတ်တာပဲ၊ သမီးတို့ ကျမ်းကျိန်ခဲ့တာတွေကိုသာ ပီပီပြင်ပြင်နဲ့ လက်တွေ့ဆောင်ရွက်ရင် တစ်ရွာလုံး၊ တစ်မြို့လုံး၊ တစ်ပြည်လုံး၊ တစ်ကမ္ဘာလုံး၊ တစ်လောကလုံးအတွက် မေတ္တာတရား၊ သစ္စာတရားတွေ ဖုံးလွှမ်းပြီး ထာဝရကျန်းမာရွှင်လန်းနေမှာပဲနော်"ဟု အားရဝမ်းသာပြောနေပေသည်။

**ရောဂါကုသရာတွင် သဘာဝကိုအလောတကြီး ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ အစားအသောက်၊ အနေအထိုင်ပြုပြင်ပေးပြီး ဆေးဝါးအနည်းငယ်ဖြင့် ရောဂါမြောက်မြားစွာ အလိုအလျောက်ပျောက်ကင်းစေသည်ကို ပိုမို၍ နှစ်သက်ခဲ့ပေသည်။ ဓာတ်စာအဖြစ် အသုံးပြုသည်မှာ ဆန်ပြုတ်နှင့်ပျားရည်တို့ဖြစ်သည်။**

# အမျိုးသားပညာရေးဥပဒေ ၂၀၁၄ (မူကြမ်း) မန္တလေးတက္ကသိုလ်၌ ဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၂**

ပြည်ထောင်စု လွှတ်တော်မှ အတည်ပြုပြီးသော အမျိုးသားပညာရေးဥပဒေ ၂၀၁၄ (မူကြမ်း)ဆွေးနွေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတက္ကသိုလ် အင်းဝ(၉)ခန်းမ၌ ကျင်းပရာ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်သင်း၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာ သီတာဝင်း၊ ဒေါက်တာ နုနုရီနှင့် မန္တလေးတက္ကသိုလ် ဘာသာရပ်ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စု လွှတ်တော်မှ အတည်ပြုပြီးသော အမျိုးသားပညာရေးဥပဒေ ၂၀၁၄ (မူကြမ်း)တွင် ပါရှိသည့် အခန်း(၁၄) ခန်း၊ ပုဒ်မ (၆၉)ခုတို့ကို မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်သင်းက ပရိုဂျက်တာဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အမျိုးသားပညာရေးဥပဒေ၂၀၁၄(မူကြမ်း)ကို တက်ရောက်လာကြသူများက သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးအကြံပြုတင်ပြကြရာ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး မွန်းတည့် ၁၂ နာရီတွင် ဆွေးနွေးခြင်းကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မောင်မောင်(MU)**





## လွှတ်တော်ရေးရာ

❒ ကျောဖုံးမှ

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရရှိပြီး သီးသန့်ရန်ပုံငွေဖြင့် တူးမြောင်းမကြီး တူးဖော်ခြင်းလုပ်ငန်း အလျား (၉)မိုင်နှင့် တူးမြောင်းအဆောက်အအုံ(၁၈၄)ခုကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယင်းစီမံကိန်းကြောင့် စိုက်ပျိုးမြေဧက (၉၀၀၀)ကို ရာသီမရွေး ရေပေးဝေနိုင်ခြင်း၊ မိုးခေါင်ခြင်းကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးခြင်း၊ မစိုက်ပျိုးနိုင်ခြင်း စသည့် အကျိုးမဲ့စေမှုတို့မှကင်းဝေးပြီး အနာဂတ်အတွက် ကောင်းမွန်ခိုင်မာသော အာမခံချက်ရရှိနိုင်ခြင်း၊ လက်ယာမြောင်းလက်တံသစ်၏ တောင်ဘက်ရှိ ကုန်းမြေများကို စိုက်ပျိုးမြေအဖြစ်ပြုပြင်၍ ရေပေးဝေနိုင်မည်ဖြစ်ခြင်း၊ သိုလှောင်ထားပြီးသောဆည်ရေကို စိုက်ပျိုးရေအဖြစ် အကျိုးရှိစွာဖြန့်ဝေပေးနိုင်ခြင်း၊ ဒေသခံပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရှည်တွင် အာမခံချက်မြင့်မားစေခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်ပြီး မြောက်ယမားဆည်၏ လက်ယာမြောင်းလက်တံသစ်



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်။

တူးဖော်ခြင်းလုပ်ငန်း ဧရိယာအတွင်း ကျရောက်မည့် စိုက်ပျိုးမြေဧက (၇၀၀) ခန့် ဆုံးရှုံးခြင်း၊ မြေပိုင်ရှင် တောင်သူများအတွက် ယာယီအခက်အခဲဖြစ်ပေါ်စေနိုင်ခြင်း စသည့်ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါကြောင်း။

ဆုံးရှုံးလယ်ယာမြေများအတွက် ဆောင်ရွက်ရာတွင် အဆိုပါ မြေဧရိယာများ၏ တောင်သူတစ်ဦးချင်းပါဝင်မှုကို ဦးပိုင်အလိုက်၊ ကွင်းအလိုက်၊ မြောင်းအလိုက်၊ ကျေးရွာအလိုက် စာရင်းများ ကောက်ယူလျက်ရှိပါကြောင်း၊ ဆုံးရှုံးလယ်ယာမြေများအတွက် နစ်နာကြေးပေးလျော်နိုင်ရေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာရွှေ့ပြောင်းအလုပ်သမားနှင့် ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်များစခန်း၌ ရောက်ရှိနေထိုင်ကြသော မြန်မာတိုင်းရင်းသား ဒုက္ခသည်များအား ပြည်တွင်း၌ ပြန်လည်နေရာချထားပေးရန် စီမံဆောင်ရွက်နေမှု အခြေအနေနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမလေးလပတ်ကာလအထိ အလုပ်သမားရှာဖွေရေးရုံးများမှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁ ဒသမ ၂၆၃ သန်း ဖော်ဆောင်ပေးနိုင်ခဲ့ပါကြောင်း။

ယခုအခါ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီဖြစ်၍ သီလဝါအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များတွင်လည်း လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည့်အတွက် မကြာမီကာလအတွင်း ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိခံစားလာနိုင်မည်ဖြစ်ပါကြောင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများနှင့်ညှိနှိုင်းကာ မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ရရှိရန် စီစဉ်ထားပြီးဖြစ်သည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ပြည်ပတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ပြည်တွင်းကို ပြန်လည်ရောက်ရှိလာလျှင် ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် လိုက်လျောညီထွေရှိသည့်အလုပ်အကိုင်များရရှိလုပ်ကိုင်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်း(၉)ခုမှ မြန်မာဒုက္ခသည် (၁၃၀၀၀၀) ဦးအား နေရပ်သို့ မကြာမီ ပို့ဆောင်ပေးမည်ဖြစ်ပါကြောင်း၊ စခန်း (၉) ခုတွင်ရှိသော ဒုက္ခသည်များကို နေရပ်သို့ပြန်လည်ပို့ဆောင်ရေးအတွက် သုံးဖွဲ့ခွဲ၍ ပို့မည်ဖြစ်ပြီး တစ်နှစ်ကြာမြင့်မည်ဖြစ်ပါကြောင်း၊ အဆိုပါဒုက္ခသည်များကို စိစစ်ဘက်ရေးရာ၊ မေ့ဖလန်းဖောင်ဒေးရှင်းနှင့် UNHCR တို့ ပါဝင်သော ပူးပေါင်းလုပ်ငန်းအဖွဲ့မှ နိုင်ငံသားစိစစ်ရန် လူတွေ့စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြထားပါကြောင်း။

မြန်မာတိုင်းရင်းသားဒုက္ခသည်များအား ပြည်တွင်း၌ ပြန်လည်နေရာချထားပေးသည့်ကိစ္စရပ်နှင့် ပတ်သက်၍ ထိုင်းနိုင်ငံဘက်မှ သံတမန်နည်းလမ်းဖြင့် ညှိနှိုင်းလာမှုအပေါ် မူတည်၍လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်များအပေါ် မူတည်၍ လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့နှင့်ပူးပေါင်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

ထို့နောက် ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းများ၌ ရောက်ရှိနေထိုင်ကြသည့် မြန်မာတိုင်းရင်းသားဒုက္ခသည်များကို ပြည်တွင်းတွင်ပြန်လည်နေရာချထားပေးရန်စီမံဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၏ ရှင်းလင်းတင်ပြချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း(၂၀၀) ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ကမ္ဘာ့ဘဏ်မှ ကျန်းမာရေးကဏ္ဍအတွက် ကနဦးပေးအပ်ငွေ အမေရိကန်ဒေါ်လာ သန်း (၁၀၀) ကို International Development Aids-IDA Credit (အတိုးမဲ့ နှစ်ရှည်ချေးငွေ)အသွင်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနသို့ ပေးအပ်ကာ (MEHSAP- Myanmar Essential Health Services Access Project)ကို အကောင်အထည်ဖော်ရန် ညှိနှိုင်းရေးဆွဲလျက်ရှိပါကြောင်း။

ယင်းစီမံချက်တွင် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဆောင်ရွက်နေသော မြို့နယ်ကျန်းမာရေးဌာနနှင့် အောက်ခြေကျန်းမာရေးဌာနများတွင် ကျန်းမာရေးဝန်ဆောင်မှုကောင်းမွန်စေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူလူထုက ရယူသုံးစွဲမှုအားကောင်းလာစေရန်၊ လူတိုင်းလက်လှမ်းမီနိုင်မည့် ကျန်းမာရေးဝန်ဆောင်မှု လွှမ်းခြုံရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် လိုအပ်သော ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရည်အသွေးတိုးမြှင့်မှုနှင့် ကျန်းမာရေးစနစ် တည်ဆောက်ရန်နှင့် ဘေးဒုက္ခကပ်အပါအဝင် မမျှော်လင့်သည့် အရေးပေါ်ကိစ္စရပ်များတွင် ကူညီရန် စသည့်အချက်များပါဝင်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း (၁၀၀) ချေးယူမည့်ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းရာတွင် ဧရာဝတီ ဘက်စုံစီမံခန့်ခွဲရေးစီမံကိန်းတွင် ရေအရင်းအမြစ်စီမံခန့်ခွဲမှုအဖွဲ့အစည်းများအထောက်အကူပြုစွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ မိုး/ဇလစောင့်ကြည့်အကဲခတ်ခြင်းနှင့် သတင်းအချက်အလက်စနစ်များ ခေတ်မီစေခြင်း၊ ဧရာဝတီမြစ်အတွင်း မန္တလေးမြို့မှ ညောင်ဦးမြို့အထိ ရေကြောင်းသွားလာမှု မြှင့်တင်ရေးစသည့် လုပ်ငန်းစဉ်များ ပါဝင်ပါကြောင်း။

ရေဆိုင်ရာ သတင်းအချက်အလက်များအား Hydro Informatics Center မှ အချိန်နှင့်တစ်ပြေးညီ သိရှိရယူနိုင်ပြီး Decision Making Process အား အထောက်အကူပြုစေနိုင်မည့် Decision Support System ဖော်ထုတ်နိုင်ရန် ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပင်မစီမံချက်နှင့် ရေဥပဒေရေးဆွဲနိုင်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ခြင်း၊ ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များအား တိုးတက်ပံ့ပိုးလာနိုင်ခြင်းကြောင့် စိုက်ပျိုးထုတ်ကုန်များတိုးတက်ပြီး စားသုံးသူများအတွက် အကျိုးကျေးဇူးများ ရရှိနိုင်ခြင်းတို့ကြောင့် စီမံကိန်းရေးဆွဲခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော အီတလီနိုင်ငံအစိုးရ Itlay Development Cooperation ထံမှ ယူရိုသန်း ၂၀ ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက အဆိုပါချေးငွေသည် နှောင်ကြိုးမဲ့ချေးငွေဖြစ်ပြီး အတိုးနှုန်းမှာ (သုညဒသမ ၀၀) ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ပြန်လည်ပေးဆပ်ရမည့်ကာလမှာ ၃၈ နှစ်ဖြစ်ပြီး ဆိုင်းငံ့ကာလမှာ ၂၈ နှစ်ဖြစ်ပါကြောင်း၊ ဆိုင်းငံ့ကာလပြီးဆုံးသည့် ၂၉ နှစ်မြောက် ၂၀၄၂-၂၀၄၃ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်စဉ်ယူရို နှစ်သန်း



အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်။

ကို ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ကာလတွင် ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါက စောင့်ဆိုင်းမည်ဖြစ်ပြီး ယင်းရက်ကျော်လွန်ပါက ဒဏ်ကြေးအဖြစ် (သုညဒသမ ၇၅) ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ပါကြောင်း။

အီတလီအစိုးရ၏ ချေးငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းကို ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်မားပြီး ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များနှင့် ဆက်စပ်နေသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်တစ်မြို့နယ်စီရှိ ကျေးရွာအုပ်စုအားလုံးတွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရွေးချယ်ခံရသော စီမံကိန်းမြို့နယ်များရှိ ကျေးရွာအုပ်စုများတွင် ကျေးရွာလူထုမှ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်စုတစ်ခုလျှင် ခန့်မှန်းငွေကျပ်သိန်း ၂၄၀ ကို သုံးနှစ် ဆက်တိုက်ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ ယင်းထောက်ပံ့ငွေဖြင့်ကျေးရွာလူထုမှ မိမိဆောင်ရွက်လိုသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အများသဘောတူဆုံးဖြတ်၍ ၎င်းတို့ကိုယ်တိုင်မှဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

ယင်းစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် ကျေးရွာလူထုအနေဖြင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်လာမည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော ကိုရီးယားသမ္မတနိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ (EDCF) မှ အမေရိကန်ဒေါ်လာ (၄၅) သန်းချေးယူရန် ကိစ္စနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက မြန်မာ့မီးရထားအနေဖြင့် နှစ်စဉ်လူစီးတွဲသစ် (၁၀၀) ခန့်ဝယ်ယူ/ထုတ်လုပ်ဖြည့်တင်းနိုင်မှသာ အဆင့်မီရထားပြေးဆွဲမှုကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

မြန်မာ့မီးရထားတွင် လက်ရှိ ၃၀ ဒသမ ၃ ရာခိုင်နှုန်းရှိသော သက်တမ်းလွန်လူစီးတွဲများကို တစ်ပြိုင်တည်းဖြည့်တင်းရပါက လူစီးတွဲသစ် (၄၀၄) တွဲကိုဖြည့်တင်းရမည်ဖြစ်သည့်အပြင် သက်တမ်းအရလည်း နှစ်စဉ်လူစီးတွဲသစ် (၁၀၀)တွဲခန့်ဖြည့်ဆည်းပေးရန်လိုအပ်ပါကြောင်း၊ ယနေ့ရထားစီးပြည်သူများခံစားနေရသည့် ရထားခုန်ခြင်း၊ ဆောင့်ခြင်း၊ လူးခြင်း၊ အသံဆူညံခြင်းအပါအဝင် အဆင်မပြေမှုများ၏ (၅၀) ရာခိုင်နှုန်းခန့်သည် တွဲများ၏အရည်အသွေးများကြောင့် ဖြစ်ပါကြောင်း။

ပြည်သူလူထုမှ တောင်းဆိုနေသော ခေတ်မီပြီး လုံခြုံမှုပိုမိုကောင်းမွန်သည့် တွဲသစ်များဖြင့် ဝန်ဆောင်မှုတိုးမြှင့်ပေးလိုသည့်အတွက် ကိုရီးယားချေးငွေကို ရထားတွဲဝယ်ယူရေးကိစ္စတစ်ခုတည်းတွင်သာ သုံးစွဲရန်အဆိုပြုပါကြောင်း၊ တွဲသစ်များရရှိလာသည့်အခါ ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-နေပြည်တော်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းနှင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းစသည့် ခရီးသွားလာမှုများပြားသော လမ်းပိုင်းများတွင် ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်သူများတောင်းဆိုနေသည့် ခေတ်မီလုံခြုံသည့်တွဲသစ်များဖြင့် ခရီးသည်ဝန်ဆောင်မှု မြှင့်တင်ရေး စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါ၍ ချေးငွေအဆိုပြုချက်အား ခွင့်ပြုပေးသင့်ပါကြောင်း လေးစားစွာ အဆိုပြုတင်ပြအပ်ပါကြောင်းဖြင့် ပြောကြားသည်။

အထက်ပါ ချေးငွေကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးအား နော်ဝေနိုင်ငံ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဆိုင်ရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ Ms.Anniken Huitfelt ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင် (I-1)၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် လွှတ်တော်ရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

## မိုးရေချိန်စံချိန်သစ်

**နေပြည်တော် စက်တင်ဘာ ၁၂**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ စက်တင်ဘာလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | မိုးရေချိန် စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | ပြင်ဦးလွင်မြို့ | ၁၇၅ | ၆.၈၉ | ၁၁၉ | ၄.၆၈ | ၁၉-၉-၂၀၀၃ | ၂၃ |

# မိုင်းပျဉ်း၊ မိုင်းဆတ်နှင့် ထားဝယ်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၂**

စက်တင်ဘာ ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု(၂၈) ကျိုင်းတုံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းပျဉ်းမြို့နယ် တာကော်ကျေးရွာအုပ်စု တာကော်(၂)မိုင်ကျေးရွာနေ မနန်းဆိုင်အုံ၏ နေအိမ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိသဖြင့် မနန်းဆိုင်အုံ (၃၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ စက်တင်ဘာ ၁၀ ရက်က မိုင်းဆတ်မြို့နယ် နားယောင်းဒေသ "ဝ" အထူးဒေသဆက်ဆံရေးတာဝန်ခံမှ နားယောင်းဒေသ ယောင်ခကျေးရွာအနီး မယ်ကြုတ်ချောင်းအတွင်းမှ မျောပါလာသည့် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများအား လွှဲပြောင်းပေးမည်ဖြစ်ကြောင်း အကြောင်းကြားလာ၍ နယ်မြေခံရဲတပ်ဖွဲ့နှင့် မူးယစ်တပ်ဖွဲ့စု(၂၉)မိုင်းဆတ်မှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းကန်းကျေးရွာ "ဝ"အုပ်ချုပ်ရေးမှူးရုံးတွင် ဘိန်းဖြူ အလေးချိန် ၇ ဒသမ ၇၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၀၀ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၄၈၀ ဂရမ်အား စစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့မှတစ်ဆင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်ပတ်သက်၍ မိုင်းတွမ်းနယ်မြေ ရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။



မနန်းဆိုင်အုံအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



ပိုင်ရှင်မဲ့သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား တွေ့ရစဉ်။

ထို့အတူ စက်တင်ဘာ ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု(၃၃) ထားဝယ်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ထားဝယ်မြို့ ရှမ္မလည်ဆွဲရပ်ကွက်နေ စောထူးမောင်ဆိုသူ၏ နေအိမ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၁၄ ပြား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ လာရောက်ပို့ဆောင်ပေးသူ ဝင်းနိုင်ဆိုသူအား ထားဝယ်မြို့ ညောင်ရမ်းတောင်ရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိပြီး ဝင်းနိုင်အား စစ်ဆေးချက်အရ မူးယစ်ဆေးဝါးများ ရောင်းချပေးသူ ထားဝယ်မြို့ ညောင်ရမ်းတောင်ရပ်ကွက်နေ ဒေါ်လစ်အား ထပ်မံဖမ်းဆီးရမိခဲ့သည်။ ဒေါ်လစ်အား စစ်ဆေးချက်အရ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများမှာ ၎င်း၏သားဖြစ်သူ ဝဏ္ဏစိုးဆိုသူ၏ ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် စောထူးမောင်(၇၂)နှစ်၊ ဝင်းနိုင်(၅၀)နှစ်၊ ဒေါ်လစ်(ခ)ခင်မာချို(၆၂)နှစ်၊ ဝဏ္ဏစိုး(၃၉)နှစ်(ဖမ်းမမိသေး)တို့ လေးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ယင်းနောက် စက်တင်ဘာ ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် နားဖကျေးရွာအထွက် လားရှိုး-မိုင်းယော်သွား ကားလမ်းမပေါ်တွင် မိုင်းယော်ကျေးရွာဘက်မှ ဆိုင်ကယ်စီးလာသူ လောက်ခုန်းအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ပြား သိမ်းဆည်းရမိသဖြင့် လောက်ခုန်း(၃၈)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

## မူးယစ်အကြမ်းဖက် အကျင့်ပျက် အမှန်တရားဖြင့် တိုက်ဖျက်

# ငှက်ဖျားရောဂါအန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ငှက်ဖျားရောဂါသည် ငှက်ဖျားရောဂါပိုး (Malaria Parasite) ကြောင့်ဖြစ်ပွားပြီး ငှက်ဖျားရောဂါပိုးကို သယ်ဆောင်နိုင်သောခြင်အကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်နိုင်ပါသည်။ ကမ္ဘာပေါ်တွင် နှစ်စဉ်ငှက်ဖျားရောဂါ ဖြစ်ပွားသူဦးရေ သန်းနှစ်ရာခန့်ရှိပြီး လူဦးရေ ခြောက်သိန်းခြောက်သောင်းခန့်မှာ ငှက်ဖျားရောဂါကြောင့် သေဆုံးလျက်ရှိပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရှိရပါသည်။

ငှက်ဖျားရောဂါဖြစ်ပွားပါက ဖျားခြင်း၊ ချမ်းတုန်ခြင်း၊ ချွေးအလွန်ထွက်ခြင်း၊ ကိုယ်၊ လက်၊ ခြေ နာကျင်ကိုက်ခဲခြင်း၊ မူးဝေခြင်းတို့ဖြစ်နိုင်ပါသည်။ ရောဂါပြင်းထန်လျှင် အဖျားကြီးခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ အသားဝါခြင်း၊ ဆီးအရောင်မည်းမည်းသွားခြင်း၊ အသားအရောင် ဖြူဖပ်ဖြူလျော်ဖြစ်ခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။ ဦးနှောက်ငှက်ဖျားရောဂါအသွင်ဖြစ်ပွားပါက ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ မှိန်းခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ တက်ခြင်းနှင့် သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။ ငှက်ဖျားရောဂါဖြစ်ပွားပါက အချိန်မီဆေးကုသမှုမခံယူလျှင် ရောဂါပြင်းထန်ပြီး အသက်ဆုံးရှုံးနိုင်ပါသည်။

ငှက်ဖျားရောဂါသည် တောထဲ၊ တောင်ထဲတွင် အလုပ်လုပ်သူများ၊ ငှက်ဖျားဖြစ်ပွားတတ်သော ဒေသရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အလုပ်လုပ်သူများ၊ ငှက်ဖျားဖြစ်ပွားတတ်သောဒေသရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များနှင့် ငှက်ဖျားခြင်ရှိသောဒေသတွင် ညဘက်ခြင်ထောင်နှင့် မအိပ်သူများတွင် ရောဂါပိုမိုဖြစ်ပွားနိုင်ပါသည်။

ငှက်ဖျားခြင်သည် ညအချိန်တွင် ပိုမိုကိုက်လေ့ရှိပြီး တောတောင်ထဲတွင် အလုပ်လုပ်သူများတွင် နေ့လယ် နေ့ခင်းဘက်လည်း အကိုက်ခံရနိုင်ပါသည်။ သို့ဖြစ်ပါ၍ ငှက်ဖျားအန္တရာယ်မှ ကာကွယ်ရန်အတွက် မည်သည့်အချိန်၊ မည်သည့်နေရာမဆို ခြင်ထောင်ထောင်၍ အိပ်ခြင်း၊ အထူးသဖြင့် ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်ခြင်း၊ အဝတ်အစားထူထူရှည်ရှည်ဝတ်ခြင်း၊ ခြင်ကိုက်မခံရစေရန် သတိပြုခြင်း၊ ခြင်မကိုက်စေသည့် ဆေးလိမ်းခြင်းစသည်တို့ဖြင့် ကာကွယ်နိုင်ပြီး ငှက်ဖျားခြင်မပေါက်ပွားစေရန် ရပ်ကွက်၊ ကျေးရွာအနီးရှိ စိမ့်၊ စမ်းချောင်းများကို ရေစီးရေလာ ကောင်းမွန်အောင် လူထုအားဖြင့် စုပေါင်းဆောင်ရွက်ခြင်း၊ ရေတွင်း၊ ရေကန်များတွင် ပိုးလောက်လမ်းစားငါးများထည့်ခြင်းတို့ဖြင့် ငှက်ဖျားရောဂါကူးစက်မှုမှ ကာကွယ်နိုင်ပါသည်။

ငှက်ဖျားရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနသို့ အမြန်ဆုံး (ဖြစ်နိုင်လျှင် ၂၄ နာရီအတွင်း) သွားရောက်ဆေးကုသမှုခံယူကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ကုထုံးအတိုင်း ဆေးပတ်လည်အောင် သောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဆီပီပါတင်ကုန်တင်ရေယာဉ်မီးလောင်၊ သုံးနာရီခန့် အချိန်ယူ ငြိမ်းသတ်ခဲ့ရ

**မုံရွာ စက်တင်ဘာ ၁၂**

မုံရွာမြို့ ကွေ့ကြီးရပ် ကမ်းနားလမ်းချင်းတွင်းမြစ် လှည်းဆိပ်တွင် မုံရွာ-ဆယ်ဇင်းအမြန်ကုန်တင်ရေယာဉ် သံခွံပေါ်တွင်ရှိသော ဆီပီပါများသို့ ဆီဘောက်ဆာယာဉ်ဖြင့် ဓာတ်ဆီဖြည့်နေစဉ် အလင်းရောင်ရရန် ထွန်းထားသော မီးကြိုးပါသည့် လျှပ်စစ်မီးချောင်းသည် ဓာတ်ဆီပီပါပေါ်ပြုတ်ကျကာ ပေါက်ကွဲမီးလောင်မှု စက်တင်ဘာ ၁၂ ရက် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်က ဖြစ်ပွားခဲ့သည်။ မုံရွာမြို့ မြို့မရဲစခန်းတာဝန်ရှိသူများ၏ စစ်ဆေးချက်အရ မုံရွာ-ဆယ်ဇင်း အမြန်ကုန်တင် ရေယာဉ်သည် ဇော်ကြီးပိုင်သည့် ဝေလျှံထွန်းရေယာဉ်ဖြစ်ပြီး ဓာတ်ဆီပီပါများ ပေါက်ကွဲမီးလောင်မှု ဖြစ်ပွားခဲ့ကာ ရေယာဉ်ပေါ်တွင်ပါသော အသက်(၂၂)နှစ်အရွယ် မော်တော်လုပ်သား မြတ်သူရဆွေ ချိုင်ရွာ ကနီမြို့နယ်နေသူတွင် ဝဲလက်ဖျံ၊ ဝဲယာပေါင်၊ ဒူး၊ ခြေသလုံးတို့တွင် အရေပြားလန် ဒဏ်ရာများရရှိခဲ့ကြောင်းသိရသည်။ ထို့ပြင် မော်တော်ပိုင်ရှင်ဇော်ကြီး၏ဇနီး မခင်ချိုလွင် ရွှေပြည်မြင်ရွာ ဟုမ္မလင်းမြို့နယ်နေသူတွင် ဝဲပါးနာကျင်၊ မေးစေ့ပွန်းပဲ့၊ ဝဲဘက်ခြေခုံပြဲရှဒဏ်ရာများ ရရှိပြီး မီးလောင်သည့်မော်တော်မှာ လှည်းဆိပ်မှချင်းတွင်းမြစ် မြစ်ပြင်တွင် မီးလောင်လျက် ရေထဲမျောပါသွားကာ လှည်းဆိပ်မှ ငါးမိုင်ခန့်အကွာ မုံရွာမြို့နယ် ဆူးလေကုန်းကျေးရွာအုပ်စု ရန်နိုင်ကျွန်းကျေးရွာဆိပ်ကမ်းသို့ ရောက်ရှိပြီး ဝိုင်းဝန်းငြိမ်းသတ်ကာ နံနက် ၄ နာရီခွဲခန့်တွင် မီးညွန့်ကျိုးသွားပြီး နံနက် ၅ နာရီခွဲတွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။ **(အပေါ်ပုံ)**



"မော်တော်မီးလောင်ပေါက်ကွဲမှုက မုံရွာမြို့အထက်နားက လှည်းဆိပ်မှာ စဖြစ်တာဆိုတော့ မုံရွာဆိပ်ကမ်းတစ်လျှောက်မှာ ရာနဲ့ချီရပ်ထားတဲ့ မော်တော်တွေမီးဘေးအထူးစိုးရိမ်ခဲ့ရပါတယ်။ မီးလောင်တော့ ရေထဲမျောလာတဲ့ မော်တော်ကတစ်ဆင့် အခြားမော်တော်တွေ မီးမကူးအောင် မော်တော်တွေအားလုံးကို မရရတဲ့နည်းနဲ့တပ်လှန့်ပြီး နှိုးထားရပါတယ်။ တချို့အကင်းပါးတဲ့မော်တော်တွေ ၁၀ စင်းလောက်က မြစ်အနောက်ဘက် သွားကပ်ထားကြတယ်" ဟု မုံရွာမြို့နယ်ရဲစခန်းမှူးက ပြောပြသည်။

မီးလောင်မှုကြောင့် ကျပ်သိန်း ၂၈၁၅၀၀၀၀ ခန့်ဆုံးရှုံးခဲ့ပြီး မီးလောင်မှုနှင့် ပတ်သက်ပြီး ဇော်ကြီး ရွှေပြည်မြင်ကျေးရွာ ဟုမ္မလင်းမြို့နယ်နေသူအား မုံရွာမြို့ မြို့မရဲစခန်းက (ပ)၃၅၇/၂၀၁၄ ပုဒ်မ ၂၈၅အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဒိုက်ဦးမြို့နယ်၌ လူသတ်မှုဖြစ်ပွား

**ဒိုက်ဦး စက်တင်ဘာ ၁၂**

ဒိုက်ဦးမြို့နှင့် ခုနစ်မိုင်အကွာ ဒိုးတန်းကျေးရွာအုပ်စု ညောင်ထောက်ပင်တဲပိုင်းတွင် စက်တင်ဘာ ၁၁ ရက် ည ၇ နာရီက ဦးလှိုင် (၆၅)နှစ် ညောင်ထောက်ပင်တဲပိုင်း ဒိုးတန်းကျေးရွာအုပ်စုနေသူအား လယ်တဲနီးချင်း ဦးမြင့်နှင့် ကိုဇော်နှစ်ဦးတို့က ဓားဖြင့် ထိုး/ခုတ်၍ ဦးလှိုင်သေဆုံးသွားကြောင်း ဦးလှိုင်၏ သားငယ် လွင်ကိုက အစ်ကိုဖြစ်သူ ဦးသန်းဌေးကို ပြောကြားသဖြင့် သွားရောက်ကြည့်ရှုရာ ဖခင်ဖြစ်သူ ဦးလှိုင်သည် ဦးမြင့်၏ လယ်ကန်သင်းရိုးအနီးတွင် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဦးမြင့်နှင့် ကိုဇော်တို့အား အရေးယူပေးပါရန် ဒိုက်ဦးမြို့မရဲစခန်းသို့ တိုင်တန်းခဲ့ရာ ဒိုက်ဦးမြို့မရဲစခန်းမှ စခန်းမှူးနှင့်အဖွဲ့ သွားရောက်စစ်ဆေးသည်။ ဦးလှိုင်၏ လယ်ကွက်အတွင်းသို့ ဝင်ရောက်သည်ကို မကျေနပ်သဖြင့် ဒေါသအလျောက်တစ်ဖက်နှင့်တစ်ဖက် ဓားဖြင့် ခုတ်ကြရာမှ ဦးလှိုင် သေဆုံးရကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ညောင်ထောက်ပင်တဲပိုင်းနေ ဦးမြင့် (၅၃)နှစ်နှင့် ကိုဇော်(၃၄)နှစ်တို့အား ဒိုက်ဦးမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**



**ပြည်တွင်းရေးရာ**

# မွေးရာပါနှလုံးရောဂါ ခံစားရသောကလေးများအား ပြည်တွင်း ပြည်ပဆရာဝန်ကြီးများ ပူးပေါင်းခွဲစိတ်ကုသ

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်မြို့ရှိ ရန်ကင်းကလေးဆေးရုံကြီးတွင် မွေးရာပါနှလုံးရောဂါ ခံစားနေရသော ကလေးခုနစ်ဦးကို မြန်မာနိုင်ငံမှ ဆရာဝန်ကြီးများနှင့် မလေးရှားနိုင်ငံမှ ဆရာဝန်ကြီးများ ပူးပေါင်းကာ ခွဲစိတ်ကုသမှုများကို ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

ယခုကဲ့သို့သော ခွဲစိတ်ကုသပေးမှုသည် ရန်ကင်းကလေးဆေးရုံကြီးတွင် ပြုလုပ်သည့် နှစ်နိုင်ငံဆရာဝန်ကြီးများ တတိယအကြိမ်မြောက် ပူးပေါင်းလုပ်ဆောင်ကြခြင်းလည်းဖြစ်ပြီး ယခုခွဲစိတ်ကုသမှုအစီအစဉ်တွင် ရန်ကင်းကလေးဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့်အတူ CIMB ဘဏ်၏ ပံ့ပိုးမှုဖြင့် မလေးရှားနိုင်ငံမှ အမျိုးသားနှလုံးရောဂါအထူးကုဆေးရုံကြီး (IJN)မှ ဆရာဝန်ကြီးများ ပူးပေါင်းကာ အခမဲ့လုပ်ဆောင်ပေးခဲ့ကြပြီး ခွဲစိတ်ကုသမှုစရိတ်များနှင့် ပြည်ပမှနှလုံးခွဲစိတ်ကုဆရာဝန်ကြီးများအဖွဲ့ လာရောက်သည့် စရိတ်များအပါအဝင် ကန်ဒေါ်လာ ၁၅၀၀၀ ကို အကုန်အကျခံကာ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ CIMB Group ၏ CEO ဖြစ်သူက မိမိတို့သည် အာဆီယံဘဏ်တစ်ခုဖြစ်ပြီး ဒေသခံလူမျိုးစုံပါဝင်မှုကြောင့် တိုင်းပြည်တစ်ခုချင်းစီ၏ ဖြစ်ထွန်းတည်ရှိမှုအလားအလာတို့ကို ဒေသခံတို့ကဲ့သို့ပင် နားလည်ပြီး လူမှုအဖွဲ့အစည်းတစ်ခုချင်းစီ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်နေခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ယခုကဲ့သို့ပင် ပူးပေါင်းပံ့ပိုးဆောင်ရွက်မှုများကို ဆက်လက်အရှိန်မြှင့်တင်ကာ လုပ်ဆောင်သွားရန်ရှိကြောင်း ပြောကြားသည်။



ရန်ကင်းကလေးဆေးရုံကြီးမှ အကြီးတန်းဆေးရုံအုပ်ကြီး ဒေါက်တာဦးအောင်မြင့်လွင်။ (ဓာတ်ပုံ- ခင်မောင်ဝင်း)

ထိုခွဲစိတ်ကုသမှုအစီအစဉ်တွင် အသက်လေးနှစ်မှ (၁၆)နှစ်ကြား မွေးရာပါနှလုံးရောဂါခံစားနေရသော ကလေးငယ်ခုနစ်ဦးပါဝင်ပြီး သုံးရက်ကြာခွဲစိတ်ကုသပေးမှုများပြုလုပ်ခဲ့ကာ အသက် (၁၃)နှစ်အရွယ်ကလေးတစ်ဦး၏ ခွဲစိတ်မှုကို ခက်ခဲစွာ လုပ်ဆောင်ခဲ့ရသော်လည်း ကလေးခုနစ်ဦးစလုံးကို အောင်မြင်စွာခွဲစိတ်လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း မလေးရှားနိုင်ငံရှိ အမျိုးသားနှလုံးရောဂါအထူးကုဆေးရုံကြီး (IJN)မှ CEO က ပြောကြားသွားခဲ့သည်။ ယင်းခွဲစိတ်မှုနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကိုလည်း စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ရှန်ဂရီလာဟိုတယ်၌ ကျင်းပခဲ့သည်။

ထိုကဲ့သို့သော မွေးရာပါနှလုံးရောဂါရသော ကလေးများမှာ သုညဒသမ ၈ ရာခိုင်နှုန်းလောက်ရှိပြီး တိတိကျကျ စာရင်းကောက်ယူခြင်း မပြုနိုင်သေးသော်လည်း အတွေ့အကြုံများအရ ယင်းပမာဏဖြစ်သည်ကို သိရှိနိုင်ကြောင်း ရန်ကင်းကလေးဆေးရုံကြီးမှ အကြီးတန်းဆေးရုံအုပ်ကြီးဖြစ်သူ ဒေါက်တာဦးအောင်မြင့်လွင်က ဆိုသည်။

"ဒီလိုမျိုးခွဲစိတ်မှုတွေကို အများကြီးပြုလုပ်ဖို့ရှိပါသေးတယ်၊ ကလေးရဲ့ ကျန်းမာရေးအခြေအနေပေါ်မူတည်ပြီးတော့ ဘယ်ကလေးကတော့ အရင်ခွဲသင့်တယ်ဆိုတဲ့ အစီအစဉ်တွေ ဆွဲထားတာတော့ရှိပါတယ်၊ လောလောဆယ် အခြေအနေအရ အကုန် လုံးကိုခွဲမပေးနိုင်သေးဘူး"ဟု ၎င်းက ရှင်းပြခဲ့သည်။ ထိုကဲ့သို့ နှစ်နိုင်ငံပူးပေါင်းခွဲစိတ်ကုသပေးခြင်းဖြင့် ပြည်တွင်းမှ ဆရာဝန်ကြီးများအတွက်လည်း ဆေးပညာဆိုင်ရာ စဉ်ဆက်မပြတ်လေ့လာဆည်းပူးနိုင်သည့် အခွင့်အလမ်းကောင်းများရရှိစေသလို ခွဲစိတ်ကုသမှုခံယူပြီးစီးသွားသော ကလေးများအနေဖြင့် သာမန်တခြားသော ကလေးများနှင့် တန်းတူရှင်သန်သွားလာလှုပ်ရှားနေထိုင်နိုင်ကာ လူ့ဘဝသက်တမ်းရှိသည်အထိ ပျော်ရွှင်စွာနေထိုင်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကင်းကလေးဆေးရုံကြီးတွင် အဆိုပါမလေးရှားဆရာဝန်အဖွဲ့နှင့် ပူးပေါင်းခွဲစိတ်မှုများသာမက အခြားသောနိုင်ငံတကာအဖွဲ့များ၊ ပြည်တွင်းပြည်ပအလှူရှင်များ၏ ကူညီပံ့ပိုးမှုများဖြင့် ခွဲစိတ်ကုသမှုများကို လုပ်ဆောင်ခဲ့ကြပြီး မွေးရာပါနှလုံးခွဲစိတ်ကုသမှုပေါင်း ၄၅၀ ကျော် လုပ်ဆောင်ခဲ့ပြီးဖြစ်သလို ခွဲစိတ်မှုအစီအစဉ်များတွင်လည်း အောင်မြင်မှုများရရှိခဲ့သည်။ မကြာသေးမီကလည်း ခြေလေးချောင်းပါရှိသည့် ကလေးငယ်တစ်ဦးကို အောင်မြင်စွာခွဲစိတ်ပေးနိုင်ခဲ့သလို ထူးခြားစွာကြုံတွေ့ရသော ယင်းဖြစ်စဉ်ကိုလည်း အောင်မြင်စွာခွဲစိတ်ကုသပေးနိုင်ခဲ့ခြင်းက မြန်မာ့ဆေးပညာလောက၏ ခေတ်မီတိုးတက်လာမှုကို မှတ်တမ်းသစ်ရေးထိုးလောက်သော အနေအထားမျိုးဖြစ်ခဲ့ကြောင်း သိရသည်။

ယခုမွေးရာပါ နှလုံးရောဂါရှိသော ကလေးများကို တတိယအကြိမ်မြောက် ခွဲစိတ်ပေးရာတွင် အကူအညီပေးသော CIMB ဘဏ်မှ CIMB အုပ်စု၏ ဘဏ်လုပ်ငန်းဆိုင်ရာ လက်တံတစ်ခုဖြစ်ပြီး လက်လီဘဏ်လုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းနှင့် ကုမ္ပဏီများဆိုင်ရာ လက်ကားဘဏ်လုပ်ငန်းတို့ကို ဝန်ဆောင်မှုပေးခြင်းဖြစ်သည်။ ရုံးချုပ်ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ထားရှိကာ အာဆီယံဒေသတွင်းနိုင်ငံကိုးခုတွင် ရုံးခွဲများဖွင့်လှစ်ဆောင်ရွက်နေလျက်ရှိသည်။ မလေးရှားအမျိုးသားနှလုံးရောဂါအထူးကုဆေးရုံ (IJN) သည် နှလုံးရောဂါကုထုံးများဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး အတွေ့အကြုံရှိသော ဆရာဝန်ကြီးများ၊ ပညာရှင်များဖြင့် ဖွဲ့စည်းထားလျက်ရှိသလို ခေတ်မီဆေးပညာနှင့်ရင်ပေါင်တန်းကာ နှလုံးအပေါက်ပါသော ခွဲစိတ်မှုမှသည် နှလုံးနှင့်အဆုတ်အစားထိုးကုသမှုများအထိ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထက်ခိုင်(စမ်းချောင်း)**

## ဝေန်မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၂**

ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ဩဂုတ် ၂၉ ရက်မှစ၍ ယနေ့ထိ ၁၄ ရက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ကျော်လွန်ရောက်ရှိနေသည်။ ယနေ့ မွန်းလွဲ ၁၂ နာရီ ခွဲအချိန် တိုင်းထွာချက်အရ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၁ စင်တီမီတာ(ပေဝက်ခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## စာဖတ်ရှုံမြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်

**မြိတ် စက်တင်ဘာ ၁၂**

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးနှင့် စာဖတ်ရှုံမြှင့်တင်ရေးအတွက် မြိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီက မြိတ်တောင်ကျေးရွာ ရွှေပြည်တန်ရပ် ရွှေပြည်ဖြိုးစာကြည့်တိုက်၌ စာကြည့်တိုက်ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြိတ်ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှဌေးက စာကြည့်တိုက်ရေရှည်တည်တံ့ရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ စာဖတ်ပရိသတ်တိုးပွားရေးနှင့် စာဖတ်ရှုံမြှင့်တင်ရေး၊ စာကြည့်တိုက်ငွေပဒေသာပင်တိုးပွားရေးအကြောင်း ဆွေးနွေးခဲ့သည်။ ယင်းနောက် ရပ်မိရပ်ဖများနှင့် စာကြည့်တိုက် ကော်မတီဝင်များက စာကြည့်တိုက်အောင်မြင်တိုးတက်ရေးအတွက် စာအုပ်စာစောင်တိုးပွားရေး၊ စာဖတ်ပရိသတ်တိုးပွားရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်)**


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅-CG)၊ မြေကွက်အမှတ်(၄၁၉)၊ မြေကွက်တည်နေရာအမှတ်(၁၁)၊ ဦးဖိုးရွှေလမ်း၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဦးကျော်သက် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်သက်ထံမှ SP အမှတ်(၁၉၈၃၈/၂၂-၇-၁၄)ဖြင့်ရရှိသူ ဒေါ်ခင်သက်လွင်[၁၁/ရဗန(နိုင်)၀၄၅၁၅၆]က ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာနှင့် ၂၀၁၃ ခုနှစ် အရောင်းမြေပုံမှုရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာနှင့်ဝန်ခံကတိတို့တင်ပြ၍ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ATTOLLO Travel & Tours

အက်တိုလို ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ

ချင်းမိုင်-ချင်းရိုင်-ရွှေတြိဂံ-မယ်ဆိုင် (၃ညအိပ်၄ရက်ခရီးစဉ်) Sept - 25

ခရီးစဉ်စုံစမ်းရန် ၀၁-၃၈၉၁၈၇၊ ၀၉-၃၂၁၀၉၁၃၈

GOLDEN STAR Travels & Tours

☆ ပုဂံ(ရွှယ်တော်လေးဆူ)-ပုပ္ပါး Oct-3,7 | ကျိုက်ထီးရိုး(နေ့စဉ်)

☆ မန္တလေး-ပြင်ဦးလွင် ခရီးစဉ် | ချောင်းသာ(နေ့စဉ်)

☆ တောင်ကြီး-အင်းလေး-ပင်းတယ | ငွေဆောင်(သော်ကြာ)

Ph: 209200, 430480, 544383, 703448, 09-5046000

JOB seekers

အလုပ်အကိုင်မွေ့ရာ ရှာဖွေ ဆိုကာ အပတ်စဉ် စနေနေ့ထုတ်

www.myanmarjobseekers.com, www.facebook.com/myanmarjobseekers

Hot Line : 01 2304678

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်ပေါက်တော(ဂ)၊ မြေကွက်အမှတ်(၃၃၈/က)၊ မြေကွက်တည်နေရာအမှတ်(၃၃၈/က)၊ အင်ကြင်းလမ်း၊ အင်းစိန် ဦးလှမောင် အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးဇော်မင်း[၁၂/အစန(နိုင်)၀၇၅၆၀၂]က ပါမစ်စာရွက်(၁)ရွက်၊ အရပ်ကတိအရောင်းအဝယ်စာချုပ်တို့ တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့် ပါမစ်ချထားပေးခြင်းခံရသူ၏ မှီခိုနေထိုင်သူများစာရင်း တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်သစ်) လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရွှေဥဒေါင်းမင်း 09250512576, 01517418, 09421152677, 09421122687

+(အင်းလေးဖောင်တော်ဦးပွဲ)၊ တောင်ကြီး၊ ပင်းတယ၊ ကဲ့လုံ၊ ကက္ကူ၊ ထမ့်ဆမ်း(၄ည/၅ရက်) (ကားခ-စက်လှေခ-ဖောင်တက်ခ-စားတည်းငြိမ်း) Guest House 75000

+ပုဂံ(ရွှယ်တော်လေးဆူ၊ ပြည်ငါးပြည်)၊ ညောင်ဦး၊ ပုပ္ပါး (၃ည/၂ရက်) (ကားခ-စက်လှေခ-ဖောင်တက်ခ၊ နံနက်စာ၊ (နေ့/ည-မြန်မာဘုဖေး)၊ စားတည်းငြိမ်း) Hotel 75000 Oct 3,7

အမှတ်-၁၂၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်ဈေးအနီး

ခရီးသည် (၅) ဦးနှင့်အထက် စာရင်းသွင်းခြင်းဖြင့် Discount များရယူခံစားနိုင်ပါပြီ။

FIRST CHOICE Travel & Tour

သီတင်းကျွတ်အောက်တိုဘာလ အားလပ်ရက်အတွက် တရုတ်ပြည်မကြီး အထူးခရီးစဉ် 9Oct-16Oct

Kunming • Shanghai • Beijing

အောက်တိုဘာလ ၇ ရက်၊ ၈ ရက်၊ ၉ ရက် ခရီးစဉ်များ

ဂျပန်(၈ည၉ရက်)
တရုတ်ပြည်(၇ည၈ရက်)
ကိုရီးယား(၇ည၈ရက်)
ကွမ်ကျိုး၊ဟောင်ကောင်၊မကာအို(၇ည၈ရက်)
ဟောင်ကောင်၊မကာအို(၄ည၅ရက်)
ဘာလီကျွန်း(၃ည၄ရက်)
လာအို(၅ည၆ရက်)

စင်ကာပူ(၃ည၄ရက်)
စင်ကာပူ-မလေးရှား(၇ည၈ရက်)
ဗန်ကောက်၊ပတ္တရား၊အယုဒ္ဓယ(၅ည၆ရက်)
ဖူးခက်(၄ည၅ရက်)
ကမ္ဘောဒီးယား၊ဗီယက်နမ်(၇ည၈ရက်)
ကမ္ဘောဒီးယား(၃ည၄ရက်)
ဗီယက်နမ်(၅ည၆ရက်)

အမှတ်၆၆/၆၈(စီ-၄) အင်းစိန်လမ်းမ စံရိပ်ငြိမ်အနီး ကမာရွတ်မြို့နယ် ရန်ကုန်မြို့ 09 421069966 • 09 73059081

အမည်ပြည့်စွက် ခေါ်ဆိုပါရန်

ဦးဟန်ဝင်းနိုင်၏ သမီး အထက(၃) သာကေတ၊ ဒသမတန်း(B)တွင် ပညာသင်ကြားနေသော မကြွယ်ငွေးနိုင်အား မကြွယ်ငွေးနိုင်(ခ)ခင်သန္တာလင်းဟု အမည်ပြည့်စွက်ခေါ်ဆိုပါရန်။ မကြွယ်ငွေးနိုင်(ခ)ခင်သန္တာလင်း

သွေးသည် အသက်

ကံကောင်း

အိမ်၊ ခြံ၊ မြေ
သီလဝါ၊ ကျောက်တန်း၊ သန်လျင်
မြေကွက်များ ရောင်းလို/ဝယ်လိုသည်။

PH-09-49300967
09-420185599

**သားအဖြစ်မှစွန့်လွှတ်ခြင်း**

ကျွန်တော် ဦးခင်ကြိုင်[၇/ပမန(နိုင်)၀၅၈၃၇၀]၏သား မောင်ထွန်းဝဏ္ဏ[၇/ပမန(နိုင်)၀၁၆၆၆၇]သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအတိုင်း ပြုမူဆောင်ရွက်သွားသဖြင့် သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာပါသည်။

ဖခင်-ဦးခင်ကြိုင်[၇/ပမန(နိုင်)၀၅၈၃၇၀]



## အနုပညာနှင့်ပြည်တွင်းရေးရာ




# ဂီတနောက်ခံပြု အချစ်ဒရာမာဇာတ်ကားသစ်တွင် ထပ်မံမြင်တွေ့ရမည့် ရိန်းနှင့် ခရစ္စတယ်

တောင်ကိုရီးယားတေးဂီတအဖွဲ့ f(x) မှ အဖွဲ့ဝင် ခရစ္စတယ်နှင့် ရုပ်ရှင်ကြယ်ပွင့် ရိန်းတို့သည် အက်စ်ဘီအက်စ် ရုပ်သံလိုင်း၏ My Lovely Girl အမည်ရှိ ဂီတနောက်ခံပြု အချစ်ဒရာမာဇာတ်ကားသစ်တွင် ပါဝင် သရုပ်ဆောင်ထားကြကြောင်း သိရသည်။

ယင်းဇာတ်ကားတွင် အင်န်တာတိန်းမန့်ကုမ္ပဏီတစ်ခု၏ ထုတ်လုပ်သူတစ်ဖြစ်လဲ တေးရေးဆရာတစ်ဦး(ရိန်း) က ယာဉ်မတော်တဆမှုတစ်ခုတွင် ချစ်သူကိုဆုံးရှုံးခဲ့ရပြီး ဂီတထုတ်လုပ်သူတစ်ဦးဖြစ်လိုသည့် ချစ်သူနှင့် ညီမတော်စပ်သူ ဆီနာ(ခရစ္စတယ်)အား အကူအညီပေးရင်းမှ ချစ်ကြိုးသွယ်မိပုံကို ပုံဖော်ညွှန်းဖွဲ့ထားသည့် အချစ်ဂီတဒရာမာဇာတ်ကားကောင်း တစ်ကား ဖြစ်သည်။

ထို့ပြင် တေးသံရှင်နှင့်သရုပ်ဆောင် ခရစ္စတယ်က "တစ်ချိန်က ကျွန်မ အရမ်းသဘောကျခဲ့တဲ့အနုပညာရှင်တစ်ဦးနဲ့ ဇာတ်ကားတစ်ကားထဲမှာ အတူပါဝင်ခွင့်ရတာ အလွန်ကျေနပ်မိပါတယ်၊ ဒီဇာတ်ကားကို ပရိသတ်တွေ ကျေနပ်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

[မျိုးစန္ဒာမောင်]

# မျိုးသုဉ်းပျောက်ကွယ်တော့မည့် ကမ္ဘာ့ရှားပါးစာရင်းဝင် မြိုင်ကြီးပင် ရခိုင်ပြည်နယ်ရှိ ဒီရေတောများတွင် အပင်ရေ ထောင်ကျော်တွေ့ရ

သတင်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ-ဖိုးထောင်

**ဂွ စက်တင်ဘာ ၁၂**

ကမ္ဘာပေါ်တွင် အပင်ရေ ၂၀၀ ကျော်သာကျန်ရှိပြီး International Union for Conservation of Nature (IUCN)၏ မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်စာရင်းဝင် Bruguiera hainesii (မြိုင်ကြီးပင်)များကို ရခိုင်ပြည်နယ်ရှိ ဒီရေတောများအတွင်း အပင်တစ်ထောင်ကျော် ပေါက်ရောက် ကျန်ရှိနေသည်ကို တွေ့ရှိရကြောင်း ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသ လူနေမှုဘဝ မြှင့်တင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တန်ဖိုးများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (CLEARR) မှ သိရသည်။

Bruguiera hainesii (မြိုင်ကြီးပင်) မျိုးစိတ်များ၏ ပျံ့နှံ့တည်ရှိမှုကို မလေးရှားနိုင်ငံတွင် အပင် ၈၀၊ ပါပူဝါနယူးဂီနီနိုင်ငံတွင် အပင် ၁၂၀နှင့် စင်ကာပူတွင် သုံးပင်သာ ကျန်ရှိတော့သည်ဟု IUCN က မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ်စာရင်းဝင်အဖြစ် မှတ်တမ်းတင်ထားသော်လည်း ယခုအခါ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ ဂွ-ရွာမ ဒီရေတောတွင် စတင်တွေ့ရှိခဲ့ပြီး ဝက်ထိုးကျွန်းနှင့် ကမ်းကြီးယောင် ဒီရေတောများအတွင်း ယင်းအပင်များ ထောင်ကျော် ပေါက်ရောက်နေသည်ကို ထပ်မံရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

"Bruguiera hainesii က ဘာကြောင့် ဒီလောက်တောင် နိုင်ငံတကာက တန်ဖိုးထားနေကြတာလဲဆိုတော့ ရှားပါးလွန်းအားကြီးလို့ပါ။ ဒီအပင်က မျိုးပွားဖို့သိပ်ခက်တယ်။ ပထမတစ်ခုက ဝတ်ရည်စုပ်ငှက်တွေ ပေါ့။ တောတွေ ပျက်စီးသွားတော့ ငှက်တွေရှားကုန်တယ်။ ဒုတိယတစ်ခုက သူ့အပင်က အသီးကို တိရစ္ဆာန်တွေက အရမ်းစားတယ်။ ဒီတော့ အသီးက ရင့်တဲ့အဖြစ်ကို မရောက်တော့ဘူး။ သူ့အသီးကို နွေမှာ ရတာများတယ်။ သူ့အသီးက လတ်ဆတ်နေတော့ ကဏန်းက တအားစားတယ်။ ဒီတော့ အသီးရဖို့ တော်တော်ကို ခက်တယ်"ဟု မြိုင်ကြီးပင်များ မျိုးသုဉ်းစာရင်းဝင်ရခြင်းနှင့် ပတ်သက်၍ CLEARR ပရောဂျက်၏ စီမံကိန်းမန်နေဂျာ ဦးဝင်းမောင်က ပြောသည်။

မြန်မာနိုင်ငံတွင်မူ မြိုင်ကြီးပင်များသည် ပင်စည်ဖြောင့်တန်းမှု၊ သစ်ခွဲရာတွင် ကောင်းမွန်မှု၊ ထင်း၊ မီးသွေး ပြုလုပ်ရာတွင် ကောင်းမွန်မှုများကြောင့် ဒေသခံများအနေဖြင့် ခုတ်ယူသုံးစွဲမှု များပြားသောကြောင့် ရှားပါးရခြင်းဖြစ်သည်။ မြိုင်ကြီးပင်များသည် အပင်ကြီးမျိုးဖြစ်ကာ ဒီရေတောများ၏ အမြင့်ပိုင်းနေရာများတွင်သာ ပေါက်ရောက်လေ့ရှိသည်။ ယင်းအပင်များ၏ အမြစ်များသည် အောက်ဘက်သို့ ပေ၂၀ ခန့်ထိ စိုက်ဆင်းသောကြောင့် ကုန်းတွင်းပိုင်းသို့ ဆားအငန်ဓာတ် ဝင်ရောက်မှုကို လျှော့ချပေးနိုင်သည်။

နှစ်ပေါင်း ၈၀ ကျော် သက်တမ်းရှိပြီး အမြင့်ပေ ၆၀၊ လုံးပတ်ခြောက်ပေကျော်ရှိပြီး ကမ္ဘာတွင် အကြီးမားဆုံးဟု ယူဆရသည့် မြိုင်ကြီးပင်ကို ရခိုင်ပြည်နယ် ဂွမြို့နယ် ကျောက်ကြီးရွာတွင် တွေ့ရှိထားကြောင်း မြန်မာ့သဘာဝပတ်ဝန်းကျင် ပြန်လည်ထူထောင်ရေးကွန်ရက်(MERN )မှ သိရသည်။

မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်စာရင်းဝင် Bruguiera hainesii (မြိုင်ကြီးပင်)များကို ထိန်းသိမ်းရန်အတွက် ၂၀၁၃ ခုနှစ်မှ စတင်ကာ ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ ဝက်ထိုးကျွန်းနှင့် ကမ်းကြီးယောင် ဒီရေတောများတွင် အပင် ၂၀၀၀ ကျော်ခန့် ပြန်လည်စိုက်ပျိုးထားပြီး ဖြစ်သည်။ စိုက်ပျိုးသည့် မြိုင်ကြီးပင်များကို သက်တမ်း ငါးနှစ်သားတွင် ဒေသခံများအနေဖြင့် အသုံးပြုနိုင်မည် ဖြစ်သည်။

"ထိန်းသိမ်းရေး လုပ်ငန်းအတွက် စိုက်တာ။ ဒါပေမယ့် သူတို့တွေ ထိုက်သင့်တဲ့ အရွယ်ရောက်လာရင်တော့ ထုတ်သုံးမှာပဲလေ။ မြန်မာနိုင်ငံမှာ အပင်အရေအတွက်များတော့ ထုတ်သုံးလို့ရတယ်။ အရွယ်ရောက်လာတဲ့ အခါမှာ ကန့်သတ်လုံးပတ်နဲ့ သူ့ကို ထုတ်ယူလို့ရပြီ။ ဘယ်အရွယ်မှာ ထုတ်မလဲပေါ့။ ထင်းအရွယ်မှာလား၊ မျောတိုင်အရွယ်မှာလား၊ မီးသွေးဖုတ်မယ့် အရွယ်မှာလားပေါ့။ ဒါမှမဟုတ် သစ်ခွဲဖို့အရွယ်လောက် အထိ လားပေါ့။ ဒေသခံတွေ တံငါလုပ်ငန်းအတွက် သုံးလို့အရမ်းကောင်းတယ်"ဟု ဦးဝင်းမောင်က ပြောသည်။

မြန်မာနိုင်ငံ၌ ဒီရေတောပေါက်ရောက်ရာ ဒေသများဖြစ်သည့် ဧရာဝတီ၊ တနင်္သာရီနှင့် ရခိုင်ဒေသများအနက် ရခိုင်ပြည်နယ်ရှိ ဒီရေတောများနှင့် သဘာဝချင်း နီးစပ်မှုရှိသည့် တနင်္သာရီဒေသရှိ ဒီရေတောများတွင်လည်း ထပ်မံတွေ့ရှိနိုင်သည်ဟု CLEARR ပရောဂျက်၏ စီမံကိန်းမန်နေဂျာ ဦးဝင်းမောင်က သုံးသပ်သည်။ ။



ရခိုင်ပြည်နယ် ဂွမြို့နယ်အတွင်းရှိ ထိန်းသိမ်းထားသည့် ကမ်းကြီးယောင် ဒီရေတော။


ဟိန်း 01-293159 01-9000293 09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်/နှစ်ချုပ် ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

ရွှေထိပ်တန်း
ချောင်းသာ ငွေဆောင်
စီးလုံးငှား လက်ခံသည်
01-701015, 01-710436

## ရောင်းရန်ရှိ ကြိုပွိုင့်တိုက်ခန်း

သမိုင်း၊ အင်းစိန်၊ ဘုရင့်နောင်ရှိ တိုက်ခန်းများကို ကြိုပွိုင့်စနစ်ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးနေပါသည်။

ဖုန်း-၀၉-၂၅၄၃၉၈၇၉၆

ချို ဖုန်းလေးတစ်ချက်သာ ဆက်လိုက်ပါ... 09-420073607 09-32247824 09-31924723
နဲ့မှ အဆင်ပြေသွားတော့တယ်ဆိုတဲ့ Customer မိတ်ဟောင်း/သစ် များအတွက်
လုံးချင်း/Condo/တိုက်ခန်း ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
အိမ် - ခြံ - မြေ ရောင်း၊ဝယ်၊ငှားရမ်းခြင်းကို လူကြီးမင်းတို့ စိတ်တိုင်းကျ ဝန်ဆောင်မှုပေးပါသည်။
တောင်ဥက္ကလာ-သဃ်န်းကျွန်း (သီးသန့်) အကျိုးဆောင် ပူးပေါင်းနိုင်ပါသည်။
မော်ဒယ်မြင့် ကားမျိုးစုံ အချိန်ပိုင်း/လချုပ်/နှစ်ချုပ်ဖြင့် ရောင်း၊ဝယ်၊ငှားရမ်းပေးပါသည်။
အမှတ်(၅၄)၊ ဝေဇယန္တာလမ်း၊ Orange ဘေး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့


## သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး


### ပညာရေးဝန်ကြီးဌာန
### ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၊ အခြေခံပညာကျောင်းသား၊ ကျောင်းသူများအတွက် တွဲဖက်သင်ရိုးဝင် ဘာသာရပ်များဖြစ်သော အခြေခံစိုက်ပျိုးရေး ပညာစာအုပ်၊ စာရိတ္တနှင့် ပြည်သူ့နီတိစာအုပ်နှင့် Developing the Speaking Skill စာအုပ်များအား စက္ကူနှင့် ပုံနှိပ်ချုပ်လုပ် ထုပ်ပိုးခြင်းအပါအဝင်လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါ၍ ပုဂ္ဂလိကလုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ ပေးသွင်းရမည့်ပုံစံများကို ရုံးအမှတ်(၁၃) ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်မှစ၍ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်မှာ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ရက် ညနေ ၁၆း၀၀ နာရီ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးအမှတ်(၁၃)၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်းအမှတ်-၀၆၇- ၄၀၇၂၆၅၊ ၀၆၇-၄၀၇၅၂၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန

ရွှေပြည်မြန်မာ 09-73207416,420248633
+အင်းလေးဖောင်တော်ဦးဘုရားပွဲ+တောင်ကြီး၊ ပင်းတယ၊ ကလော Oct 3,7
+ပုဂံ-ခွယ်တော်လေးဆူ၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင် (အပတ်စဉ်-သောကြာ)
+မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
+ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မော်လမြိုင်၊ ကျိုက်မီ၊ စက်ခဲ
သီတင်းကျွတ်လပြည့်ခရီးစဉ်များ ကြိုတင်ရောင်းပြီ
ခရီးစဉ်မျိုးစုံ ကားမျိုးစုံ စင်းလုံးငှား ဆောင်ရွက်ပေးသည်။

စုစုအေးအောင် ဝမ်းမှန် အကြောပြေဆေး

လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည်
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

MYA NADDY TRADING

မြန်ဒီမှ $CO_2$ နှင့် Dry Ice ဝယ်ယူသုံးစွဲသူများထံသို့ လုံခြုံစိတ်ချရသည့် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်သော ဆလင်ဒါအိုးများဖြင့် ဖြန့်ဖြူး ရောင်းချပေးပါသည်။
No.5, 1 Quarter, Ayeyar Wun Avenue,
Tharketa Township, Yangon, Myanmar.
Tel: +95 1 547087, 0973203687, 09 259260020, 09 259260021, 09421107282
E-mail: myanaddy.co2.2009@gmail.com




Junction Cineplex တွင် 12 . 9 . 2014 မှ စတင်ပြသမည့် ဇာတ်ကားများ

| | | |
|---|---|---|
| **Junction Square ( Ph - 01 527055, 09 2544 24544)** | | |
| Swelter | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| တိုက်ဆိုင်မှုရှိလျှင် (Dell Digital Cinema) | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| Three Some | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| **Junction Nay Pyi Taw ( Ph - 067 421 615)** | | |
| နှလုံးသားဖြင့် ပြုလုပ်သည် | Mon to Thu | 11 AM , 2 PM , 6 : 30 PM |
| | Fri to Sun | 10 : 30 AM , 1 : 30 PM , 4 : 30 PM , 7 : 30 PM |

အားကစား

*ပရီမီယာလိဂ်မှာ မန်ယူနိုင်ပွဲမရသေးဘူး။ အဲဒီအတွက် အပြောင်းအရွှေ့နောက်ဆုံးရက်မှာ ဖယ်ကာအိုနဲ့ ဒါလေဘလိုင်းတို့ကိုခေါ်တယ်။ စုစုပေါင်း ကစားသမားခေါ်ယူမှုအတွက်ပေါင်သန်း ၁၆၀ လောက်သုံးတယ်။ အဲဒါကြောင့်မန်ယူဘယ်လိုထပ်မံပွဲထွက်လာမလဲဆိုတာပရီမီယာလိဂ်ပွဲစဉ်(၄)မှာစောင့်ကြည့်ရမယ်။*

# ပရီမီယာလိဂ် ရင်ခုန်သံ-၄

ရှိုင်း မင်း မင်း

### အာဆင်နယ်-မန်စီးတီး ည ၆း၁၅ (၁၃-၉-၂၀၁၄)

ပွဲကောင်းတစ်ပွဲပါ၊ ကစားသမားပိုင်းယှဉ်ရင် မန်စီးတီးကသာတယ်။ ဒီ့အပြင် ပွဲစဉ် (၃)မှာ စတုတ်ကို ရှုံးနိမ့်ခဲ့တာကြောင့်လည်း မန်စီးတီးထပ်ပြီးအမှားခံမှာ မဟုတ်ဘူး။ ဒါပေမယ့် ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ရှိတာ ခြင်းတူပေမယ့် မန်စီးတီးကဘိုင်ယန်နဲ့ဖြစ်ပြီး ခြေပိုချန်ရဖို့ရှိသလို အာဆင်နယ်ရဲ့ အိမ်ကွင်းဖြစ်နေတာနဲ့ပါ ချင့်ချိန်ရမယ်။

### ဆန်းဒါးလန်း-စပါး ည ၈း၃၀ (၁၃-၉-၂၀၁၄)

ဆန်းဒါးလန်းက ယခုအချိန်ထိ နိုင်ပွဲမရသေးဘူး။ အဲဒါကြောင့် အိမ်ကွင်းပွဲမှာ အနိုင်ရဖို့ အားစိုက်ကစားလာမှာမှန်ပေမယ့် တိုက်စစ်ကစားပုံအားနည်းမှုတွေရှိနေတယ်။ စပါးကတော့ လီဗာပူးကို ရှုံးနိမ့်ခဲ့ရတယ်။ ဒါကြောင့် နိုင်ပွဲပြန်ရှာမှာဖြစ်ပေမယ့် ယူရိုပါလိဂ်ကြောင့် ခြေကုန်ထုတ်ဖို့ခက်တာနဲ့ပါ ချင့်ချိန်ရမယ်။

### ချယ်လ်ဆီး-ဆွမ်ဆီး ည ၈း၃၀ (၁၃-၉-၂၀၁၄)

ချယ်လ်ဆီးခြေက အားနည်းမှုမရှိဘူး။ ဒါပေမယ့် ဒီယေဂိုကော်စတာမပါနိုင်ရင် ရီမီနဲ့ ပွဲထွက်ရဖို့ရှိကာ တိုက်စစ်တည်ငြိမ်မှု အနည်းငယ်ပျက်ယွင်းနိုင်တယ်။ ဒီ့အပြင် ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်လည်း ကစားဖို့ရှိသလို ဆွမ်ဆီးရဲ့ခြေကလည်းကောင်းတယ်။ ဒါကြောင့် ချယ်လ်ဆီးအနိုင်ပြတ်သားပါ့မလားဆိုတာစဉ်းစားဖို့လိုတယ်။

### ဝက်စ်ဘရွန်း-အဲဗာတန် ည ၈း၃၀ (၁၃-၉-၂၀၁၄)

အဲဗာတန်က ကစားပုံကောင်းပေမယ့် အခုထိ နိုင်ပွဲမရသေးဘူး။ အထူးသဖြင့် အဲဗာတန်ရဲ့ ခံစစ်ကစားပုံက အားပျော့မှုတွေများတယ်။ ဒီ့အပြင် ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ်ပွဲကစားရဖို့ရှိနေလို့ ခြေကုန်ထုတ်ဖို့ခက်တယ်။ ဝက်စ်ဘရွန်းကလည်း နိုင်ပွဲစရဖို့ အိမ်ကွင်းမှာ အားစိုက်လာမယ့် အချက်နဲ့ပါထည့်တွက်ရမယ်။

### ပဲလေ့စ်-ဘန်လေ ည ၈း၃၀ (၁၃-၉-၂၀၁၄)

ဘန်လေဟာ အထိုင်မကျသေးတဲ့မန်ယူကို သရေကစားနိုင်ခဲ့တာကလွဲလို့ ခြေစွမ်းပိုင်းမှာ ထူးထူးခြားခြား အားကောင်းမှုမျိုးမရှိဘူး။ အထူးသဖြင့် အဝေးကွင်းပွဲစဉ်တွေမှာ ကစားပုံပိုအားနည်းတယ်။ ပဲလေ့စ်ကတော့ သုံးပွဲကစားပြီးချိန်မှာနိုင်ပွဲမရသေးတာကြောင့် ဒီလိုပွဲမျိုးကို အမှားခံမှာမဟုတ်တာနဲ့ ချင့်ချိန်ရမယ်။

### လီဗာပူး-ဗီလာ ည ၁၁း၀၀ (၁၃-၉-၂၀၁၄)

သုံးပွဲကစားပြီးချိန်မှာ ရှုံးပွဲမရှိသေးတဲ့ ဗီလာရဲ့ ခြေကမဆိုးဘူး။ ဒီပွဲမှာလည်း အမှတ်ရဖို့ အားစိုက်ခံကစားလာမှာ သေချာတယ်။ လီဗာပူးက ခြေစွမ်းပိုင်းမဆိုးသလို အိမ်ကွင်းအားလည်းရှိတယ်ဆိုပေမယ့် ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲ ကစားဖို့ ရှိနေတာချင့်ချိန်ရမယ်။ လီဗာပူး အခက်အခဲတွေ့နိုင်တာ သတိမပြုလို့မရဘူး။

### ဆောက်သမ်တန်-ကာဆယ် ည ၈း၃၀ (၁၃-၉-၂၀၁၄)

ကာဆယ်ကအခုထိနိုင်ပွဲမရသေးဘူး၊ သုံးပွဲမှာ နှစ်ပွဲသရေနဲ့ တစ်ပွဲရှုံးထားတယ်။ အဓိကကတော့ အသင်းလိုက်ညီညွတ်မှုအားနည်းခြင်းပဲ။ ဆောက်သမ်တန်ကတော့ ကစားပုံငြိမ်လာတယ်။ အဖွင့်မှာ လီဗာပူးကို ရှုံးပေမယ့် နောက်နှစ်ပွဲမှာ တစ်ပွဲနိုင် တစ်ပွဲသရေကစားနိုင်တယ်။ အိမ်ကွင်းဖြစ်တာနဲ့ပါ ထည့်တွက်ရမယ်။

### မန်ယူ-ကျူပီအာ ည ၉း၃၀ (၁၄-၉-၂၀၁၄)

မန်ယူဟာ ဒီတစ်ပတ်ရဲ့ စောင့်ကြည့်ချင်စရာအကောင်းဆုံး အသင်းပဲ၊ ခေါ်ယူထားတဲ့ ကစားသမားတွေအရ ကျူပီအာကိုနိုင်လောက်တဲ့ အခြေအနေမှာ အပြည့်ရှိတာမှန်ပေမယ့် တကယ်တမ်းစောင့်ကြည့်ရမှာက ကစားသမားတွေရဲ့ အထိုင်ကျမှုအပိုင်းပဲ၊ အရှင်းဆုံးပြောရရင် နားလည်မှုမပြည့်ဝနိုင်သေးလို့ မန်ယူနိုင်ရင်တောင် ဂိုးပြတ်ပါ့မလားချင့်ချိန်ရမယ်။

### စတုတ်-လက်စတာ ည ၈း၃၀ (၁၃-၉-၂၀၁၄)

မန်စီးတီးကို နိုင်ခဲ့တဲ့ စတုတ်ကစားပုံမဆိုးဘူး။ အထူးသဖြင့် စတုတ်ဟာ အိမ်ကွင်းကစားပုံကောင်းပြီး အသင်းလိုက်ကစားအားလည်း မာကျောမှုရှိတယ်။ လက်စတာက နိုင်ပွဲမရသေးလို့ အားစိုက်ကစားလာမှာမှန်ပေမယ့် အဝေးကွင်းခြေတည်ငြိမ်မှုအားနည်းသလို ခံစစ်ပိုင်းမတည်ငြိမ်တာနဲ့ပါ ထည့်တွက်ရမယ်။

### ဟားလ်-ဝက်စ်ဟမ်း နံနက် ၁း၃၀ (၁၆-၉-၂၀၁၄)

ဟားလ်ကသုံးပွဲမှာ နိုင်ပွဲတစ်ပွဲတည်းရှိသေးလို့ အိမ်ကွင်းမှာ အားစိုက်ကစားမှာ သေချာတယ်။ ဥရောပပွဲလည်းမရှိတော့လို့ ပရီမီယာလိဂ်ကို ပိုပြီးလည်းအာရုံစိုက်နိုင်တယ်။ ဝက်စ်ဟမ်းကလည်း ခြေသာမန်သာရှိပြီး ခံစစ်က ဂိုးမပေးရတဲ့ပွဲမရှိသေးဘူး။ ဒါကြောင့် ဟားလ်ရဲ့ အိမ်ကွင်းအားကိုစောင့်ကြည့်ဖို့တော့ လိုတယ်။

# ဩဂုတ်လ၏ ပရီမီယာလိဂ်အကောင်းဆုံးဆု ကော်စတာဆွတ်ခူး



© Action Images

တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ဩဂုတ်လအတွင်းကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်များတွင် ချယ်လ်ဆီးအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ်၏ ဩဂုတ်လတစ်လတာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရရှိခဲ့သည်။

ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ချယ်လ်ဆီးအသင်းနှင့်အတူ ဩဂုတ်လအတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်သုံးပွဲတွင် လေးဂိုးအထိ သွင်းယူထားနိုင်ခဲ့သူဖြစ်သည်။ ကော်စတာသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်းနှင့်အတူ ပွဲထွက်ကစားခဲ့သည့် ပွဲစဉ်များထဲတွင် အဲဗာတန်အသင်းအား ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သောကြောင့် ပရီမီယာလိဂ်၏ ဩဂုတ်တစ်လတာ အကောင်းဆုံးဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ဆွမ်ဆီးအသင်းနည်းပြ ဂယ်ရီမွန့်သည်လည်း ပရီမီယာလိဂ်ပြိုင်ပွဲတွင် ဆွမ်ဆီးအသင်းအား သုံးပွဲအနိုင်ကစားနိုင်ရေး စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် တစ်လတာအကောင်းဆုံးဆု ဆွတ်ခူးနိုင်ခဲ့သည်။

[ငွေကြယ်]

# အိုးထရက်ဖို့ဒ်သို့ ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒို ပြန်လာရေး တစ်ပတ်လုပ်ခ ပေါင်သုံးသိန်းဖြင့် မန်ယူကမ်းလှမ်းမည်

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းမှ ပေါ်တူဂီစူပါစတား ခရစ္စတီယာနိုရိုနယ်လ်ဒိုအား တစ်ပတ်လုပ်ခပေါင်သုံးသိန်းဖြင့် ပြန်လည်ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ပေါ်တူဂီစူပါစတား ခရစ္စတီယာနိုရိုနယ်လ်ဒိုသည် လက်ရှိတွင် နည်းပြအန်ဆယ်လော့တီ၏ ရီးယဲလ်မက်ဒရစ်အသင်းတွင် တစ်ပတ်လုပ်ခလစာပေါင် ၂၉၀၀၀၀ ရရှိနေသော်လည်း နောက်ထပ် လုပ်ခလစာ ပိုမိုရရှိမည့်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသူဖြစ်သည်။

လက်ရှိတွင် ရီးယဲလ်မက်ဒရစ်တောင်ပံကစားသမား စီရိုနယ်လ်ဒို၏ လုပ်ခလစာသည် ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦး၏ လုပ်ခလစာ ရရှိနေသော်လည်း နောက်ထပ် လစာတိုးမြှင့်ရရှိမည့်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသူဖြစ်ပြီး ၎င်းအား ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနှင့် ပရီမီယာလိဂ်၏ ထိပ်တန်းအဆင့်ရှိအသင်းဖြစ်သည့် ချယ်လ်ဆီးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

စီရိုနယ်လ်ဒိုသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ယခင်ကစားခဲ့သည့် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသို့ပြန်လာရန် ဆန္ဒရှိနေခဲ့သော်လည်း ယခု စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသော်လည်း ယခုအချိန်အထိ ဆုံးဖြတ်ချက်မချရသေးကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ မိခင်ကလပ်က မန်ယူအသင်းပါ။ အဲဒီမှာ ကျွန်တော်ရဲ့ မိတ်ဆွေတွေ အများကြီးရှိပါတယ်။ တကယ်လို့ ဘာနေဗျူးကိုစွန့်ခွာခဲ့ရင်တောင် ကျွန်တော့်အနေနဲ့ အင်္ဂလန်မြေမှာအခြေစိုက်နေတဲ့ မန်ယူအသင်းဆီသို့သာ ဦးတည်မှာပါ"ဟု ခရစ္စတီယာနိုရိုနယ်လ်ဒိုက ပြောကြားခဲ့သည်။

[ငွေကြယ်]

# မြို့နယ်အဆင့် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ မြောင်းမြတွင်ကျင်းပ

**မြောင်းမြ စက်တင်ဘာ ၁၂**

မြန်မာ့အားကစား ဘက်စုံထူးချွန်အောင်မြင်ရေးအတွက် နိုင်ငံတော်မှ အားကစားသမားများကို အစဉ်တစိုက် အားပေးချီးမြှောက်လျက်ရှိရာ မြို့နယ် အားကစားနှင့် ကာယပညာကော်မတီမှ ကြီးမှူးကျင်းပသော မြို့နယ်အဆင့်ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မြောင်းမြမြို့ရှိ နောင်ရိုးအားကစားခန်းမ၌ စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို မြောင်းမြမြို့ပေါ်ရှိ မျိုးဆက်သစ်အားကစားသမားများက ပြိုင်ပွဲဝင်အသင်းပေါင်း ကိုးသင်းဖြင့် စက်တင်ဘာ ၈ ရက်မှ စတင်ကာ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ခဲ့ကြပြီး ယနေ့ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

အဆိုပါအခမ်းအနားသို့ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်နှင့် ခရိုင်နှင့်မြို့နယ်အဆင့်တာဝန်ရှိသူများ၊ အားကစားမှူးနှင့်ကော်မတီအဖွဲ့ဝင်များ၊ အားကစားသမားများ ဝါသနာရှင်များတက်ရောက်ကြပြီး ပြိုင်ပွဲတွင် ပထမရရှိသော ထွန်းတောက်ပိုက်ကျော်ခြင်းပြိုင်ပွဲအသင်းအားခရိုင်အုပ်ချုပ်ရေးမှူးက ငွေသားနှင့် ဆုတံဆိပ်များပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

ရွှေယုန်မင်း အမှတ်တံဆိပ် အနာလိမ်းဆေး
ပျောက်ကင်းနိုင်သောအနာများ
အနာပဆုတ်ခွနာ၊ နို့နာ၊ ကိန္နရာနာ၊ ပါးပေါက်နာ၊ မွေးကျွတ်နာ၊ သွေးစုနာ၊ အနာစာဥ၊ ဝက်ခြံများ၊ သက်တန့်နာ၊ သံစူး၊ ငါးစူး၊ အနာဟောင်း၊ အနာဆွေးများ၊ လက်စွယ်ခြေစွယ်ငုတ်များ၊ အံဆုံးပေါက်နာများ ခွေးကြောင်ကိုက်နာများကိုသက်သာ ပျောက်ကင်းစေသည်။

ရွှေယုန်မင်း အမှတ်တံဆိပ် သွေးဆေး
ပျောက်ကင်းနိုင်သောရောဂါများ
ဓမ္မတာမမှန်ခြင်း၊ ထိမ်ကျန်နည်းခြင်း၊ ငုပ်ခြင်း၊ ယားယံခြင်း၊ အရေပြားပေါ်တွင် ဖြူ၊ နီ၊ ညို၊ အကွက်များဖြစ်ခြင်း၊ အမည်းကွက်များဖြစ်ခြင်း အသားအရည်ညစ်ခြင်း၊ မီးယပ်ဝမ်းသွားခြင်း၊ မီးဖွားပြီး သွေးသားမသန့်စင်ခြင်း၊ တို့အတွက် သုံးစွဲနိုင်ပါသည်။

အမှတ်(၂၈-၂၉)၊ ဗိုလ်တေဇလမ်း၊ (၁၆) ရပ်ကွက်၊ ရွှေပေါက်ကံမြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ☎ ၀၁ ၆၉၅၈၁၆၊ ၀၉ ၅၀၂၁၃၇၃

ပေါ်မြူလာစတား Travel & Services
သီတင်းကျွတ်နှင့်တန်ဆောင်တိုင်အထူး ဌာနအိမ်၊ ဂုရုက်ခရီးစဉ်
တောင်ကြီးခရီးစဉ် - ၁.၃ သိန်း Oct-3, Nov-14
ပြင်ဦးလွင်ခရီးစဉ် - ၁.၃ သိန်း Nov-5
ပုဂံခရီးစဉ် - ၁.၃ သိန်း Nov-5
Scania Bus, 3 Stars Hotel, Special Restaurants
အမှတ်(၇၄)၊ နံ့သာလမ်း၊ အလုံ၊ ရန်ကုန်။ Ph: 01 2301866, 09-5129134, 09-250154837

ရောင်းမည်(ညှိနှိုင်းဈေး)နေရာကောင်း
ဒဂုံတောင်၊ လှော်ကားလမ်းမကြီးအနီး၊ (၅၅)ရပ်ကွက်၊ နတ်မောက်လမ်း(ကတ္တရာလမ်း)မပေါ်၊ ပေ(၄၀×၆၀)မြေနှင့် မြေပေါ်ရှိ တစ်ထပ်တိုက်အသစ်၊ အုတ်တံတိုင်းခြံဝင်းအပါအဝင် တိုက်တစ်ခုလုံး(အတွင်းအပြင်)ကြွေပြားအပြည့်ခင်းထား၊ အဝီစိတွင်း(၂)တွင်း(ရေသန့်)၊ ကိုယ်ပိုင်မီတာ၊ ခြံဝင်းရှေ့ အပြင်ဘက်တွင် (မြေပို) ၁၅×၄၀ ပေပါ(ဆိုင်သီးခြားဖွင့်နိုင်) (ရောင်းသူ၏ဂရန်အမည်ပေါက်) အော်တိုကြိုးဖုန်းတစ်လုံး တပ်ဆင်ပြီး၊ အဝီစိမော်တာအသစ်တပ်ဆင်ထားပြီး။ (လာကြည့်ရုံနဲ့ဝယ်ချင်သွားရမည်)
ဖုန်း-၀၉၂၅၀၉၂၇၇၈၇၅၊ ၀၉၂၅၄၄၄၁၉၈၁၊ ၀၉၄၂၀၀၁၉၉၅၀

The VOICE Weekly Vol.10, No.35 ထွက်ပြီ
The Voice Weekly ပရိသတ်များအတွက် အထူးမေတ္တာလက်ဆောင် ယနေ့ထုတ် The Voice Saturday သတင်းစာအခမဲ့ရယူပါ။
◆ ဓမ္မစေတီခေါင်းလောင်းကြီး တွေ့ပြီ၊ တွေ့ပြီနဲ့ ရှာတွေကို ဘယ်လိုညာပုံတော်ဖွင့်နေလဲ၊ ရှုးစမ်းဖော်ထုတ်ရေးသားထားတဲ့ မျက်နှာဖုံးအထူးဆောင်းပါး၊
◆ ခါကာဘိုရာဇီတောင်ထိပ်ကအပြန် ပျောက်ဆုံးနေတဲ့ တောင်တက်သမားနှစ်ဦး ရှာတော်ပုံခန်း၊
◆ အမျိုးသားပညာရေးရှင်းတမ်းဆောင်းပါး
◆ နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီးတစ်ဦးရဲ့ ဘဝတစ်ခု၊ မမျှော်လင့်သောခရီးရှည်ကို ရှုးစမ်းကြည့်ခြင်း၊
◆ ပညာရေးရဲ့အခြေခံဟာ စကားရည်လုပွဲလို့ဆိုလာတဲ့ စာဂနာရဲ့ ဒီဘိတ်ယဉ်ကျေးမှု၊
◆ တပ်မတော်နှင့် မြန်မာ့ငြိမ်းချမ်းရေး အနာဂတ် သတင်းဆောင်းပါး၊
◆ မြန်မာ့ဘောလုံးလောက အတက်နှေးရခြင်းအကြောင်း ဘောလုံးနှင့် EQ သုံးသပ်ချက်၊
◆ ပီအာကို ကျင့်သုံးတဲ့တစ်နေ့ အမျိုးသမီးတွေအတွက် ဘာလို့အကောင်းဆုံးဖြစ်လာမယ်တဲ့လဲ၊ ဥပဒေပညာရှင် ဒေါက်တာဆလိုင်းငွန်ကျူးလျန်နှင့်တွေ့ဆုံခြင်း၊
◆ မြန်မာတို့ရဲ့စားမြိန် ငါးပိချိုချိုမွှေးမွှေးတို့ ရှားပါးစာရင်းဝင်ဖြစ်တော့မလား၊
◆ အစွန်းရောက် အယ်လ်ကေဒါတို့ရဲ့ ပစ်မှတ်သစ်ဖြစ်လာတဲ့ မြန်မာ၊
◆ နယ်သာလန်မှာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ဖျော်ဖြေမယ့် ဖြူဖြူကျော်သိန်းနှင့်တွေ့ဆုံခြင်း၊
◆ အနောက်ဘက်ခရီးမှ သမ္မတဦးသိန်းစိန်၏ အိမ်အပြန်ခရီး

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

# 68 RESIDENCE CONDOMINIUM

## ကံစမ်းမဲအထူးအစီအစဉ်

၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့ထိ ဝယ်ယူအားပေးကြမည့် ညှေ့သည်တော်ကြီးများအားလုံးအတွက်အထူးအစီအစဉ်

အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။

ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့ - ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့





1st Prize

(၂၅)ထပ်ရှိ အိပ်ခန်းနှစ်ခန်းပါ CONDOMINIUM တစ်ခန်း



2nd Prize

BMW 528



3rd Prize

GIA (3)ကာရက်ရှိ စိန်လက်စွပ်တစ်ကွင်း

ဘိုးဘွားပိုင်မြေတစ်ကေပေါ်တွင် တည်ဆောက်ထားသည့်အတွက် အလွန်နိုင်မာသော ရင်းနှီးမြှုပ်နှံမှု ငလျင်ဒဏ်ကိုရစ်ချက်တာစကေး အနည်းဆုံး(၈)ခံနိုင်အောင် တည်ဆောက်ထားပါမည်။

SHOWROOM : 44/A, Sayar San Road, Bahan Township, Yangon, Myanmar.

09 4202 88025, 09 4253 10993, 09 730 40513, 09 4500 21758, 09 540 7541, 09 2501 41060

| Room Types | SQFT |
|---|---|
| 2 Bedrooms | 1000 - 1100 Sqft |
| 2 Bedrooms + Study | 1200 - 1300 Sqft |
| 3 Bedrooms + Study | 1380 - 1580 Sqft |
| Duplex (3 Bedrooms + 1) | 2100 Sqft |
| Dual Key (2 Bedrooms + 1 Bedroom) | 2100 Sqft |
| Penthouse | 4350 - 5400 Sqft |

**ပညာရေး**

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ စာတတ်မြောက်ရေး လှုပ်ရှားစို့

**à atmifeMd0(awmif)(yxrqk**

> နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍအနေဖြင့် ကျောင်းပညာရေး အစီအစဉ်၊ ကျောင်းပြင်ပ ပညာရေးအစီအစဉ်၊ ကိုယ်တိုင် သင်ယူပညာရေး အစီအစဉ်နှင့် သင်ယူနိုင်မှု အခွင့်အလမ်းများ တိုးတက်လာအောင် အကောင်အထည်ဖော်လျက်ရှိရာ ကျောင်းပညာရေးကဏ္ဍတွင် "ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းသို့ ရောက်ရှိရေး၊ ကျောင်းနေသည့် . . .

*(ယမန်နေ့မှ အဆက်)*

မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုအခြေအနေကို လေ့လာကြည့်လျှင် "ဘုန်းတော်ကြီးကျောင်းပညာရေး" စနစ်၏အကျိုးကျေးဇူးကြောင့် ရှေးမြန်မာမင်းများလက်ထက်က စာတတ်မြောက်မှုနှုန်း ၈၅ ရာခိုင်နှုန်းအထိ မြင့်မားခဲ့ကြသည်။

ကိုလိုနီနယ်ချဲ့လက်အောက်နေခဲ့ရစဉ် စီးပွားဥစ္စာပြည့်စုံသူ လူနည်းစုသာပညာသင်ကြားခွင့်ရရှိခဲ့သော ပညာရေးစနစ်ကြောင့် စာတတ်မြောက်မှုနှုန်း ၃၅ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၄၉ ခုနှစ် မတ်လကစပြီး အစိုးရအဆက်ဆက် လူထုပညာရေးကို အကောင်အထည်ဖော်ခဲ့ကြသည်။ လူထုပညာရေးသင်တန်းနှင့် "အ" သုံးလုံးသင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ခဲ့သည့်အတွက် ၁၉၆၃ ခုနှစ်၏ စာတတ်မြောက်မှုနှုန်း ၅၇ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့သည်။

စာတတ်မြောက်မှု အရှိန်အဟုန်မြင့်မားစေရန် ၁၉၆၄ ခုနှစ်က မိတ္ထီလာခရိုင်တွင် "အသုံးလုံး" စာတတ်မြောက်ရေးလှုပ်ရှားမှုကို စတင်ခဲ့ပြီးနှစ်စဉ် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်များတွင် ပြည်နယ်နှင့်တိုင်းလုံးကျွတ် စာတတ်မြောက်ရေးအောင်ပွဲများ ကျင်းပနိုင်ခဲ့သည်။ ဤကဲ့သို့မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်း မြင့်မားလာအောင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့မှုများကြောင့် ၁၉၇၁ ခုနှစ်တွင် တစ်ကြိမ်နှင့် ၁၉၈၃ ခုနှစ်တွင်တစ်ကြိမ် ယူနက်စကိုအဖွဲ့ချုပ်က ချီးကျူးဂုဏ်ပြုသည့် "မိုဟာမက် ရီဇာပါလာဗီဆု" နှင့် "နိုမာ" ဆုများကို အသီးသီးရရှိခဲ့ပါသည်။

မိမိတို့မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးလွှမ်းခြုံ စာတတ်မြောက်ရေးလှုပ်ရှားမှု လူတိုင်းစာတတ်မြောက်ရေးကို ရှေးရှုကာ "အ"သုံးလုံး သင်တန်းများကို "ဝ" တစ်လုံးနှင့် စခဲ့သည်ဆိုလျှင် မှားအံ့မထင်ပါ။ "ညမှာထိန်လင်းလပြည့်ဝန်းကို 'ဝ' ခေါ်တဲ့ဦးကြီးရဲ့" "အ" သုံးလုံးသီချင်းစာသားသံစဉ်လေးနှင့်အတူ "ဝ" တစ်လုံးရေးတတ်အောင် အစပြုခဲ့သည်။ "ဝ" ကိုရေးတတ်မှ "ဝ" နှင့်ဆက်နွှယ်သည့် "ခ၊ ဂ၊ ဃ၊ င၊ စ" စသည့် ဗျည်းစာလုံး နှစ်ဆယ်ကို တွဲသင်ပေးခဲ့ရသည်။ "ဝ" နှစ်လုံးပူးလိုက်လျှင် "ထ" စာလုံးဖြစ်လာသည်။ ဆက်နွှယ်ရာ "က၊ ယ၊ လ၊ သ . . ." စသည်ဖြင့်ဗျည်း ဆယ့်သုံးလုံးကို သင်ကြားသွားသည်။ "ထ" ဆင်ထူးကိုဘယ်မှာအောက်ဖွင့် ညာအထက်ဖွင့်ရင် "လ" ခေါ်သဗျဦးကြီးရေ။ အရေးအဖတ် အတတ်ပညာ အမြဲပဲ ဒို့လေ့လာ. . ." သီချင်းစာသားလေးမှာ ထနောင်းတမာသစ်ရိပ်ဝါးရိပ်များအောက်မှ "အ" သုံးလုံး သင်တန်းများ ဖြစ်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံစာတတ်မြောက်မှုသည် ၉၅ ဒသမ ၁၃ ရာခိုင်နှုန်းထိရှိလာကြောင်းပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် မွန်ပြည်နယ်မှလွဲ၍ အခြားပြည်နယ်များ၏ စာတတ်မြောက်မှုနှုန်းမှာ တိုင်းဒေသကြီးအောက်တွင်သာရှိနေပြီး တန်းတူပညာရေး အဆင့်မြင့်တက်ရန်လိုအပ်ကြောင်းသိရသည်။ ၂၀၁၃ ခုနှစ်တွင် "အ" သုံးလုံးသင်တန်းများကို ကချင်ပြည်နယ် အထူးဒေသ (၁)နှင့် (၂) အပြင် ကျိုင်းတုံအရှေ့၊ ပအိုဝ်း၊ ကိုးကန့်၊ ဝ၊ ပလောင်၊ ကယားနှင့် ကဘော်ချိုင့်ဝှမ်းဒေသများတွင် ဆောင်ရွက်ခဲ့ပြီး လူဦးရေ ၁၇၀၀၀ ကျော်ကို သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

"ဝ" အပါအဝင် "ဝ. ထ. က. လ. သ" အက္ခရာ ငါးလုံးဗဟိုပြု သင်ကြားမှုသည် ယခု ၂၀၁၄ ခုနှစ် ရွှေရတုကာလ နှစ် ၅၀ အကြာတွင် မြန်မာတစ်နိုင်ငံလုံး စာတတ်မြောက်သူ ၉၅ ဒသမ ၁၃ ရာခိုင်နှုန်းအထိ အောင်မြင်မှုရလာခဲ့သည်။ ၁၉၆၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သော မြန်မာ့ "အ" သုံးလုံး စေတနာ့ဝန်ထမ်း လူထုလှုပ်ရှားမှုကြီးသည် "ဝ" တစ်လုံးအရင်းပြု ရွှေရတုကာလတိုင်ခဲ့ပေသည်။ စာတတ်မြောက်ရေးလှုပ်ရှားမှုများကြောင့် အမှောင်ခွင်း၍ အလင်းဆောင်နိုင်ခဲ့သည်။ ရွာဦးကျောင်းမှ ညောင်ညိုရိပ်ထိ စာသင်ဝိုင်းများ ကျယ်ပြန့်ခဲ့သည်။ နွားစာစဉ်းရင်း၊ မောင်းထောင်းရင်းလည်း စာအံ့ခဲ့ကြသည်။ မြို့နယ်အသီးသီး၌ "စာမတတ်သူပပျောက်ရေး၊ စာတတ်သူကသင်ပြပေး၊ နွားကျောင်းရင်းစာသင်၊ ဗိုင်းငင်ရင်း စာဖတ်၊ ထင်းဖြတ်ရင်း စာကျက်၊ အလုပ်မပျက် အကျိုးထွက်၊ ခေတ်ကပေးတဲ့ ထူးမြတ်ချက်"။ "တစ်အိမ်လုံးစာတတ်၊ တစ်ရပ်လုံးကူညီ၊ တစ်ပြည်လုံးနိုးကြား၊ တို့အင်တို့အား၊ ပြည်ထွန်းကား" ဟူသောဆောင်ပုဒ်များစိုက်ထူကာ "စာတတ်မြောက်ရေးလှုပ်ရှားမှု" အရှိန်အဟုန်ပြင်းစွာဆောင်ရွက်ခဲ့ကြခြင်းကြောင့် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။ အဘိုးအို၊ အဘွားအိုတို့၏ ပီတိရိပ်၊ ပျိုငယ်ရွယ်လတ်မကျန် မြူတိမ်ဆိုင်းရာမှ အလင်းရသကဲ့သို့ ဖြစ်လာရသည်။ ပြည်ထောင်စုတစ်ဝန်းလူသားများ၏ မျက်စိအလင်းကို ပွင့်လင်းစေခဲ့သော စာတတ်မြောက်ရေး လှုပ်ရှားမှုပုံရိပ်များ ဖြစ်ခဲ့ပေသည်။

ယခု ၂၀၁၄ ဧပြီလ ၁ ရက်နေ့မှမေ ၁၅ ရက်နေ့အထိ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ စာပေမြင့်မှ လူမျိုးတင့်မည်ဆိုသောစကားကို အလေးထား၍ စာမတတ်သူပပျောက်ရေးအတွက် ၂၀၁၃-၂၀၁၄ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံမှ မျိုးဆက်သစ်စာတတ်မြောက်ရေးလုပ်အားပေးအဖွဲ့ဝင် စာတတ်သူများက ဝိုင်းဝန်းပြသပေးခဲ့ကြသည်။ ထို့ကြောင့်မြန်မာနိုင်ငံသည် အာရှနှင့် ပစိဖိတ်ဒေသများတွင် စာတတ်မြောက်မှုနှုန်းထား မြင့်မားသောနိုင်ငံအဖြစ် ရပ်တည်လျက်ရှိနေပေသည်။

၂၁ ရာစု ပညာခေတ်တွင် နိုင်ငံတိုင်းက မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် "အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူ့အဖွဲ့အစည်းကို ဖွဲ့စည်းတည်ထောင်လျက်ရှိပေသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် "အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူ့အဖွဲ့အစည်း၊ တစ်ရပ်ပေါ်ထွန်းလာစေရန် ရည်မှန်းပြီး ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေး၊ ကိုယ်တိုင်သင်ယူ ပညာရေးဟူ၍ နည်းလမ်းသုံးမျိုးဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။ ၎င်းအပြင် လူတိုင်းအကျုံးဝင်ပညာရေး၊ ရွှေ့လျားကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ စာတတ်မြောက်မှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ် များလာခဲ့ရာ ၂၀၁၃ ခုနှစ်တွင် စာတတ်မြောက်မှုနှုန်းသည် ၉၅ ဒသမ ၁၃ ရာခိုင်နှုန်းအထိရှိလာသည်။ အခြေခံစာတတ်မြောက်ရေးပြီးဆုံးသူများအတွက် စဉ်ဆက်ပညာရေးကို ဆောင်ရွက်လျက်ရှိရာ ရပ်ရွာ ပညာပဒေသာဌာနပေါင်း ၃၀၄၇ ကို တည်ထောင်နိုင်ခဲ့သည်။ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များနှင့် စာပေရေချမ်းစင်များကလည်း "စဉ်ဆက်မပြတ် ဖွံ့ဖြိုးဖို့ စာတတ်မြောက်ရေးလှုပ်ရှားမှု" အတွက် ကြီးစွာ အထောက်အကူပြုလျက်ရှိပါသည်။

ကျောင်းပြင်ပ ပညာရေးလုပ်ငန်းဖြစ်သော စာတတ်မြောက်ရေးလှုပ်ရှားမှုများကို မြန်မာနိုင်ငံ၌ ၁၉၆၄ မှ ၁၉၈၈ အတွင်း မြို့နယ်ပေါင်း ၂၃၅ မြို့နယ်၊ ၁၉၆၇ ခုနှစ်တွင် မြို့နယ်ပေါင်း ၂၃၉ မြို့နယ်၊ ၁၉၆၉ ခုနှစ်တွင် မြို့လုံးကျွတ် စာတတ်မြောက်ရေးလှုပ်ရှားမှုများ အသီးသီး ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍအနေဖြင့် ကျောင်းပညာရေး အစီအစဉ် ကျောင်းပြင်ပ ပညာရေးအစီအစဉ်၊ ကိုယ်တိုင် သင်ယူပညာရေးအစီအစဉ်နှင့် သင်ယူနိုင်မှု အခွင့်အလမ်းများတိုးတက်လာအောင် အကောင်အထည်ဖော်လျက်ရှိရာ ကျောင်းပညာရေးကဏ္ဍတွင် "ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းသို့ရောက်ရှိရေး၊ ကျောင်းနေသည့်ကလေးတိုင်း မူလတန်းပညာပြီးဆုံးရေးနှင့် ကျောင်းနေမြဲရေး၊ ကျောင်းထွက်နှုန်းနည်းပါးရေး" တို့ကို ဆောင်ရွက်နေသကဲ့သို့ အခြေခံပညာမူလတန်းပြီးမြောက်သည့် ကလေးများအား ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် မူလတန်းလွန်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ ပညာရေးကဏ္ဍသည် နိုင်ငံတော်ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးကဏ္ဍတစ်ခုဖြစ်သည်။ ပညာရေးကဏ္ဍ မြင့်မားတိုးတက်အောင် ဆောင်ရွက်နိုင်ပါလျှင် နိုင်ငံတော်ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန် အမှန်ပင်ဖြစ်ပါသည်။

ယနေ့မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်နေချိန်တွင် စွမ်းဆောင်ရည်ရှိသော လူ့စွမ်းအားအရင်းအမြစ်များ၊ လူချွန်လူကောင်းများစွာလိုအပ်သည်။ အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်သည် ပညာရေးဖြစ်သဖြင့် ဗလငါးတန်နှင့်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းရေးအတွက် ပညာရေးကဏ္ဍ မြှင့်တင်ရေးကို မဖြစ်မနေ ကြိုးပမ်းလုပ်ဆောင်ရမည် ဖြစ်ပေသည်။ အလယ်တန်း၊ အထက်တန်းပညာများကို အလွယ်တကူ ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတွင် မူလတန်းအဆင့် ၂၉၇၆၂ ကျောင်း၊ မူလတန်းလွန်အဆင့် ၆၆၆၄ ကျောင်း၊ အလယ်တန်းအဆင့် ၃၂၆၇ ကျောင်း၊ အထက်တန်းအဆင့် ၂၄၆၀ ကျောင်း စုစုပေါင်း ၄၂၁၅၃ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတို့၌ အခြေခံပညာကျောင်းများအား အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ရာ အခြေခံပညာအထက်တန်းကျောင်း ၂၁၅ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၄၂၂ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၅၀၉ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ ၃၂၆ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ ၁၄၇၆ ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းခွဲ ၁၁၁၆ ကျောင်းအထိ ဖွင့်လှစ်နိုင်ခဲ့သည်။ အခြေခံပညာ၊ အဆင့်မြင့်ပညာ ကဏ္ဍနှစ်ရပ်မှ အဆင့်အလိုက်မွေးထုတ်လိုက်သော နိုင်ငံနှင့်လူမျိုးအတွက် အားထားရမည့် လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဦးတည်ဆောင်ရွက်ကြရပေမည်။

*စာမျက်နှာ (၁၈) သို့ –*

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၄၀)၊ မြေကွက်တည်နေရာအမှတ်(၄၀)၊ သီဟလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်ညွှန့်ညွှန့်ရီ(CE-၀၆၀၂၃၅) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ညွှန့်ညွှန့်ရီ(မိခင်)နှင့် ဦးလှအေး(ဖခင်) တို့ကွယ်လွန်သဖြင့် ဒေါ်နီနီအောင်[၁၄/ညတန(နိုင်)၀၇၃၄၂၂]က ကိတ္တိမသမီးတော်စပ်ကြောင်း မွေးစားစာချုပ်၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆-အရှေ့)၊ မြေကွက်အမှတ်-၉၇၇(က+ခ)၊ မြေကွက်တည်နေရာအမှတ်-၉၇၇(က+ခ)၊ ဝေဇယန္တာ(၁၃)လမ်း၊ ၆-အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ (၁။ ဦးချစ်မောင်၊ ၂။ ဒေါ်တင်မြင့်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးချစ်မောင်(ဖခင်)နှင့်ဒေါ်တင်မြင့်(မိခင်) တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်နီနီဝင်း[၁၂/သကတ(နိုင်)၀၂၉၅၆၉] ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၃၅၀၂/၂၀၁၄)ရသူ ဦးခင်မောင်ဌေး[၁၂/တမန(နိုင်)၁၁၀၂၃၅]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက် အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အားမာန် ဖေးဖြိုး**
**B.Ed ဝင်ခွင့် သင်တန်း**
**14.9.2014 ဖွင့်ပြီ**
**Exam Guide ရမည်**
အမှတ် (၉၀)၊ ၄-လွှာ၊ (၃၇) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၁-၃၇၄၄၇၀

**Better Life**
ECSC Education & Career Supporting Centre
N2 ~ N5 တန်းခွဲသစ်များဖွင့်ပါပြီ
➜ Native Speaker ကိုယ်တိုင်သင်မည့် Japanese Class(ရုံးချိန်ပြင်ပ)တန်းခွဲသစ်များကို ဖွင့်လှစ်နေပါသည်။
➜ ဂျပန်တက္ကသိုလ်တွင် အင်္ဂလိပ် (သို့) ဂျပန်ဘာသာဖြင့် သင်ကြားနိုင်ပြီး 100% Scholarship (2015) အတွက် Form များလက်ခံနေပါပြီ။
(Scholarship အတွက်တာဝန်ရှိသူနှင့် အခမဲ့ ဆွေးနွေးရန် 28.9.2014 (နံနက် 10:00 နာရီ)
➜ ဂျပန်နိုင်ငံတွင် နည်းပညာ၊ အတတ်ပညာသင်လိုသူများ နှင့် Language School အတွက်လည်း အခမဲ့ Seminar ရှိပါသည်။
➜ ထိုင်းနိုင်ငံရှိ DPU နိုင်ငံတကာတက္ကသိုလ်သို့ အခမဲ့ English Test ဖြေဆိုပြီး Scholarship (50% မှ 100%) အထိလျှောက်ထားနိုင်သော အခွင့်အရေးကိုရယူနိုင်ပါပြီ။
စုံစမ်းရန်။ ။ Better Life Education & Career Supporting Centre
No.410~411 4th Fl, La Pyayt Wun Plaza, Dagon Tsp, Yangon. Tel:01-382529

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၁)၊ ဦးပိုင်အမှတ်(၇၇)၊ ၆၉+၇၀လမ်းကြား၊ မနော်ဟရီနှင့် ခိုင်ရွှေဝါလမ်းကြားရှိ ဒေါ်စိန် အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ချိန်မိုက်ကျင်း(ခ)ပြုံးလဲ့မွန်[၁၃/ကစန(နိုင်)၀၅၁၃၃၁]မှ ဦးပိုင်-၇၇(ခဲစင်း)မြေကွက်၏ အနောက်ဘက်ခြမ်းအား မြို့ကွက်သစ် နေရာချထားရေးငွေရပြေစာ၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်းငွေရပြေစာ၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

မောင်အောင်အောင်[၁၂/မဂတ(နိုင်)၀၇၉၆၃၂]သည် ဖခင် ကွယ်လွန်ပြီးနောက် မိခင်ကြီး၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ တာဝန်မယူကြောင်း ကြေညာပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မိခင်ဒေါ်ညွှန့်ရီ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးဝင်း (မအူပင်) B.A, H.G.P, R.L
တရားလွှတ်တော်ရှေ့နေ (၄၁၇၈)
အမှတ်-၁၂၊ ၃ လွှာ၊ အခန်း(၂၀၁)၊ ၃၅-လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**သမီးအဖြစ်မှအပြီးအပိုင်အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံ၊ ကံ့ကော်လမ်းနှင့် ငုဝါလမ်းထောင့်၊ အမှတ် (F)နေ ဦးအုန်းမောင်[၁၂/ပဇတ(နိုင်)၀၁၂၄၂၈]၊ ဒေါ်တင်လှ[၇/တငန(နိုင်)၀၉၇၉၉၃]တို့၏ သမီးဖြစ်သူ မသီတာဦး၊ အသက်(၂၄)နှစ်၊ [၁၂/မရက(နိုင်)၁၄၇၀၀၈]သည် ၃-၉-၂၀၁၄ ရက်က မိဘများနှင့် မိသားစုအသိုင်းအဝိုင်းမှ လုံးဝလက်မခံနိုင်သောကိစ္စရပ်ကို ပြုလုပ်ဆောင်ရွက် သွားပါသဖြင့် ထိုနေ့မှစ၍ ၎င်းအား သမီးအဖြစ်မှ ရာသက်ပန်အပြီးအပိုင်အမွေပြတ် စွန့်လွှတ် လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမှ တာဝန်ယူမည်မဟုတ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးအုန်းမောင်-ဒေါ်တင်လှ

# နမ့်စန်(ဒေသ) နာနတ်သီး လှိုင်လှိုင်ပေါ်၍ တောင်သူများဝင်ငွေကောင်း

**နမ့်စန်၊ စက်တင်ဘာ ၁၂**

ယခုအချိန်ခါ၌ နာနတ်သီးများ လှိုင်လှိုင်ပေါ်နေသော အခါသမယဖြစ်သည့်အားလျော်စွာ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၏ တောင်ဘက် ၄ မိုင်၊ ၅ မိုင်ခန့်ကွာဝေးသော နမ့်စန်-မိုးနဲ-လင်းခေးသွား မော်တော်ကားလမ်းနံဘေး အနီးတစ်ဝိုက်ရှိ လွိုင်ဆိုင်း၊ မတ်မုံမွန်းနှင့် တွန်တီးကျေးရွာများရှိ တောင်သူအများစုမှာ ၎င်းတို့ တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြံထွက် နာနတ်သီးများ လှိုင်လှိုင်ရောင်းချနေကြရသောကြောင့်မိသားစုဝင်ငွေများတိုးတက် ရရှိနေကြောင်း သိရသည်။

နှစ်စဉ် ဇူလိုင်နှင့်ဩဂုတ်လတို့တွင် နာနတ်သီးကုန်သည်များက လွိုင်ဆိုင်း၊ တွန်တီးနှင့် မတ်မုံမွန်းရွာများရှိ နာနတ်ခြံများသို့ မော်တော်ကားများဖြင့် ကိုယ်တိုင်လာရောက်၍ စင်းလုံးပြည့် ဝယ်ကာ ရောင်းဝယ်ဖောက်ကားကြကြောင်း နာနတ်သီးကုန်သည်များက ပြောသည်။

"ကျွန်တော်တို့က အောင်ပန်းမြို့ကနေ နာနတ်သီးလာဝယ်တာပါ။ ကားတစ်စီးလုံး အပြည့်တင်မယ်ဆိုရင်တော့ နာနတ်သီးအလုံး ၄၀၀၀ နဲ့ ၅၀၀၀ လောက်တော့ဆံ့ပါတယ်။ အခုလိုရွာကိုအရောက် ခြံထိပေါက်အောင်လာရောက်ဝယ်ယူရတယ်ဆိုတော့ ဈေးသက်သက်သာသာနဲ့ရတာလည်းရှိပါတယ်။ နာနတ်သီးအရွယ်အစားပေါ်မှာကြည့်ပြီး သေးရင် ကျပ် ၁၀၀၊ အလုံးကြီးဆို ၁၅၀၊ ၂၀၀ ကျပ်အထိပေးဝယ်ရပါတယ်။ အောင်ပန်းရောက်ရင် တစ်လုံးကို ကျပ် ၃၀၀နဲ့ ၄၅၀ကျပ်အထိတော့ပြန်ရောင်းချနိုင်ပါတယ်။

ကျွန်တော်တို့ အောင်ပန်းမြို့ကလူတွေသာ မကဘဲ အနယ်နယ်အရပ်ရပ်ကလည်း အခုလိုပဲ လာဝယ်နေကြပါတယ်"ဟု တွန်တီးရွာအရောက် (ဒိုင်နာကား)ဖြင့် နာနတ်သီးလာရောက်ဝယ်ယူသူတစ်ဦးက ပြောသည်။

"မတ်မုံမွန်းရွာမှာလည်း နာနတ်သီးအများကြီးစိုက်ကြတယ်၊ ထွက်လည်းထွက်တယ်။ ဒါပေမယ့် လွိုင်ဆိုင်းသီးနဲ့ ကျွန်မတို့ တွန်တီးရွာကထွက်တဲ့အသီးက လူကြိုက်ပိုများပါတယ်။ ဒါကြောင့် အဝေးကကုန်သည်တွေက ဒီရွာတွေမှာ



တိုက်ရိုက် ပိုပြီးလာဝယ်ကြပါတယ်။ ကျွန်မတို့မိသားစုတွေကတော့ တစ်နိုင်စိုက်ပျိုးထားတာပဲရှိလို့ အခုလို ကားလမ်းနံဘေးမှာ ကိုယ်တိုင်လာရောင်းချကြတာပါ။ ကားအသွားအလာများတော့ ခရီးသည်တွေက များများဝယ်သွားကြတဲ့အတွက် ရောင်းကောင်းပါတယ်။

အခုလို နာနတ်သီးပေါ်ချိန်တစ်ရာသီမှာ ဝင်ငွေသုံးလေးသိန်းထက်မနည်းရရှိတော့ ကျွန်မတို့မိသားစုအတွက် အဆင်ပြေပါတယ်"ဟု ယင်းကြားတိုင်းရင်းသူတစ်ဦးကပြောသည်။

အဆိုပါကျေးရွာများတွင် ရှမ်း၊ ပအိုဝ်းနှင့် ယင်းကြားတိုင်းရင်းသားများ အများဆုံးနေထိုင်ကြကာ ယင်းနက်(လူမျိုး)များမှာ နမ့်စန်(ခိုလန်) နယ်ဘက်၌ ပိုမိုများပြားစွာရှိကြသည်။ ယင်းကြား(လူမျိုး)များမှာ လယ်ယာပိုင်ဆိုင်ခြင်းမရှိကြသည့်အတွက် တောင်ယာကိုသာအများဆုံး လုပ်ကိုင်စားသောက်ကြသည်။

နာနတ်သီးစိုက်ပျိုးခြင်းကို ရှေးကတည်းက ရှုံးရှုံးမြတ်မြတ် လက်မလွှတ်တမ်း စွဲမြဲစွာဖြင့် စိုက်ပျိုးအသက်မွေးလာခဲ့ကြသည်မှာ ယနေ့ထိတိုင်ဖြစ်ပါကြောင်းနှင့် ၎င်းတို့မှာ တောင်ယာစပါး၊ ပြောင်းဖူးနှင့်နာနတ်ခြံများကိုသာ အဓိကစိုက်ပျိုးလုပ်ကိုင်ကြသည်ဟု နမ့်စန်မြို့နယ်(ဟိုက်ဖတ်)ရွာနေထိုင်သူတစ်ဦးက ပြောသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်၊ နမ့်စန်၊ မိုးနဲ၊ လင်းခေးနှင့် မောက်မယ်နယ်မှလူအများက သိထားကြသည့် နမ့်စန်သီး၊ မိုင်းပန်သီး ဟူသာ ယေဘုယျအားဖြင့် ဝယ်ယူစားသုံးသိထားကြပြီး၊ အချဉ်သီး၊ အချိုသီးခွဲခြားတတ်ကြသည်။

သို့သော်နာနတ်သည် တစ်နှစ်လျှင်တစ်သီးသာ စတင်စိုက်ပျိုးရန် အသင့်တော်ဆုံးအချိန်သည် ဧပြီလဖြစ်ပြီး နောက်တစ်နှစ် ဇွန်၊ ဇူလိုင်တွင် အသီးဆွတ်ခူးရရှိနိုင်သည်။

အစောပိုင်း မရင့်သေးသောကာလအသီးဖြစ်သောကြောင့် အချဉ်ဓာတ်ပိုများရခြင်းဖြစ်ပြီး ဩဂုတ်တွင်ဆွတ်ခူးရရှိသော နာနတ်အသီးများမှာ အချိန်တန်၍ ချိုသောဓာတ်ကိုပြည့်ဝစွာ ရရှိစေသည်။

အသေးမျိုး၊ အကြီးမျိုးမရှိ၊ အချိုမျိုး၊ အချဉ်မျိုးမရှိဟု အဆိုပါကျေးရွာများမှ နာနတ်စိုက်ပျိုးကြသည့် ယင်းကြားတောင်သူများက ပြောသည်။

နာနတ်ပင် စိုက်ပျိုးလိုလျှင် အသီးတွင်ပါလာသည့် အတက်ဖြင့် ပွားမျိုးယူကာ စိုက်ပျိုးရပြီး အတက်ရင့်ကကြီးထွားမြန်သည်။ ရှေးယခင်က မြေတွင်းတူး၍စိုက်ပျိုးခဲ့ကြကြောင်း၊ ယခုအခါ မြေတူးမြောင်းပေါင်ဖော်စနစ်ဖြင့် အတန်းလိုက်(အတက်ချ) စိုက်ပျိုးလာကြပြီဖြစ်ကြောင်း၊ နာနတ်သည်အသက်ပြင်းသော အပင်ဖြစ်ပြီး အိမ်ခြံမြေများတွင် ရိုးရိုးမြေ၌ ချထားလျှင်ပင် အပင်အသက်ရှင်နိုင်ပါကြောင်း၊ ရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိပြီးပြုစုစောင့် ရှောက်ရန်မလိုဘဲ အပင်ရှင်သန်ကြီးထွားလာနိုင်ကာ အသီးများလှိုင်လှိုင်သီး၍ နှစ်စဉ်နှစ်တိုင်း နာနတ်သီးစိုက်ပျိုးသူတိုင်းအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းစေသောကြောင့် နမ့်စန်ဒေသနယ်တစ်ဝိုက်မှ ရှမ်း၊ ပအိုဝ့်နှင့် ယင်းကြား တိုင်းရင်းသားလူမျိုးများက နာနတ်စိုက်ပျိုးခြင်းကို အဓိကလုပ်ကိုင်နေကြသည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းနှင်းလတ်(ပြန်/ဆက်)**

## သတင်းတို

### မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ပညာပေးဟောပြော

မြို့နယ်တွင်း နွေမီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့တို့သည် အများပြည်သူများ မီးဘေးလုံခြုံရေးအသိနှင့် သတိရှိစေရန် စဉ်ဆက်မပြတ်ပညာပေးဟောပြောလျက်ရှိရာ စက်တင်ဘာ ၃ ရက်တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ဇလွန်ဆောင်ခန်းမတွင် မွန်းလွဲ ၁ နာရီက မီးဘေးကြိုတင်ကာကွယ် တားဆီးရေးပညာပေးဟောပြောခြင်းကို ကျင်းပခဲ့သည်။ ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်လက်ထောက်ဦးစီးမှူးဦးပိုလီကပ်က မီးနှင့်ပတ်သက်သည့် အရာဟူသရွေ့ အစဉ်အမြဲ သတိထားကြရန်နှင့် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကို အသိနှင့်ယှဉ်ပြီး ဆောင်ရွက်ကြရန်ပညာပေးဟောပြောသည်။ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းရှေ့မြက်ခင်းပြင်တွင် လက်တွေ့ မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကိုပြသခဲ့သည်။ ဟောပြောပွဲကိုဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းကော်မတီဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြကြောင်း သိရသည်။

**ကျော်ထူး(ဗန်းမောက်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နေ့ချင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေး

**ဆီဆိုင်၊ စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နေ့ချင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို စက်တင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက ဘန်းဗွီးကျေးရွာအုပ်စု၊ ထီတယမ်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးဦးမြတ်သွင်၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဦးခွန်မောင်ပယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးခွန်သန်းထူး၊ NRC မှ နိုင်ငံခြားသားခြောက်ဦးနှင့် ရုံးအဖွဲ့ဝင်များ၊ မြို့နယ် လဝက ဦးစီးအရာရှိ ဦးချစ်ထွန်းနှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ အင်အား ၃၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒေသဦးစီးအဖွဲ့ဝင် ဦးခွန်မောင်ပယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်တို့က အမှာစကား ပြောကြားပြီး ကျေးရွာသူကြီး ဦးတင်ဖေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ တာဝန်ရှိသူများက အိမ်ထောင်စုစာရင်း ၁၇၈ စောင်၊နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃၆ ကတ်အားဒေသခံပြည်သူများထံသို့ တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး (ဆီဆိုင်)**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(G)၊ ဦးပိုင်အမှတ်(၄၂)၊ စံပယ်နှင့် သရဖီလမ်း၊ ၆၆×၆၇လမ်းရှိ ဒေါ်နက်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးခင်အုန်း[၉/မနမ(နိုင်)၁၀၂၃၂၄]မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၈)၊ ဦးပိုင်အမှတ်(၈၆)၊ ၆၄×၆၅ ကြား၊ ဇော်ဂျီလမ်း × ကျန်စစ်သားလမ်းရှိ ဒေါ်မြခင်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်ခင်ပြုံးအေး[ ၉/မမန(နိုင်)၀၃၃၄၉၅]မှ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ (အခွန်) ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

**ကြော်ငြာစာ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁) ရပ်ကွက်၊ အကွက်အမှတ်(ခ-၆)၊ ဦးပိုင်အမှတ်(၈၇)၊ ၄၁×၄၂ ကြား၊ ၆၇×၆၈ကြားရှိ ဦးမောင်မောင်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်ကြည်ကြည်မြင့်[၁/မကန(ပြု)၀၀၁၄၂၂]မှ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ (အခွန်) ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ-၁၁)၊ မြေကွက်အမှတ်(၂၁၈)၊ ဧရိယာပေ(၄၀×၆၀)၊ မြေကွက်တည်နေရာအမှတ်(၂၁၈)၊ဂေါက်ကွင်းပတ်လမ်း၊ ညောင်ရွာရပ်ကွက်၊ လှိုင်သာယာမြို့နယ်ရှိမြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးထားသော ဦးသန်းထွန်း (TBN-032340) အမည်ပေါက် မြေချပါမစ်အား တင်ပြ၍ ၃၀-၁၁-၂၀၁၁ ရက်စွဲပါ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ရင်လီ[၁၃/လရန(နိုင်)၁၀၀၄၆၇]မှ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃/ဗိုလ်ထွန်းဇံ)၊ မြေကွက်အမှတ်-က/၂၃၊ မြေကွက်တည်နေရာအမှတ်-၂၁၊ မင်းနန္ဒာလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံ ဦးကျော်အေး[၁၂/ဒပန(နိုင်)၀၂၈၈၀၂]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်အေး (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်နုနု[၁၂/ဒပန(နိုင်)၀၂၆၁၀၁] က ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ်(၁၈)၊ မြေကွက်တည်နေရာအမှတ်(၁၈)၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးထွန်းစိန်(DKU-၀၁၇၂၀၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းစိန်(တရားရှုံး)ကိုယ်စား ဘီလစ် ဒေါ်လဲ့လဲ့ခိုင်[၁၃/တကန(နိုင်)၀၀၃၄၁၉]ဒဂုံမြို့သစ်မြောက်ပိုင်း တရားရုံး၏ တရားမကြီးမှု ၁၉၄/၁၃(၂၃-၁၂-၁၃)နှင့် ဇာရီမှုအမှတ် ၁၃၃/၁၃(၂၄-၁၂-၁၃)တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/တောင်၊ မြေကွက်အမှတ်-၁၅၇၂/ခ၊မြေကွက်တည်နေရာအမှတ်-၁၅၇၂/ခ၊ သလ္လာဝတီ (၂)လမ်း၊၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးမြင့်သိန်း)အမည်ပေါက်၊ နှစ် (၆၀) ဂရန်မြေ အား အမည်ပေါက် ဦးမြင့်သိန်း (ခင်ပွန်း) ကွယ်လွန် သဖြင့် တစ်ဦး တည်းသော ဇနီးဖြစ်သူ ဒေါ်သိန်း (၁၂/သကတ (နိုင်) ၁၅၅၉၀၁)ထံမှ အထွေထွေ ကိုယ်စား လှယ်လွှဲစာ အမှတ်(၁၄၁၃၀/၁၄) ရသူ ဦးသန်းမြင့် (၁၂/မဂတ(နိုင်) ၀၄၆၅၄၀) မှ သေစာရင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ်-၁၄၀၄/က၊ မြေကွက်တည်နေရာအမှတ်-(၁၄၀၄/က)၊ မြင်တော်သာလမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးခင်ဆွေ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်ဆွေ (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်တင်တင်အုံး[၁၂/သကတ(နိုင်)၀၉၉၅၉၄]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃၊ မြေကွက်အမှတ်-၂၀၁၊ မြေကွက်တည်နေရာအမှတ်-၂၀၁၊ ကျွန်းရွှေမြိုင်လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ဦးတင်လှ (၂)(K/RGN-၀၂၂၄၀၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်လှ(၂)(ဖခင်)၊ ဒေါ်ခင်အေး(မိခင်)တို့ ကွယ်လွန်သဖြင့် ဦးမောင်မောင်(အစ္စလာမ်ဘာသာဝင်)(MTNT-၀၁၉၅၅၁) က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# မန္တလေး-မူဆယ် လမ်းမကြီးပေါ်ရှိ ရထားသံလမ်းကူးလမ်းပိုင်း ကျဉ်းမြောင်း၍ ယာဉ်မောင်းများအခက်အခဲဖြစ်

**ကျောက်မဲ၊ စက်တင်ဘာ ၁၂**

သီပေါ-ကျောက်မဲကြား မန္တလေး-မူဆယ် လမ်းမကြီးပေါ်ရှိ ရထားသံလမ်းကူးလမ်းပိုင်း ကျဉ်းမြောင်းသည့်အတွက် ကုန်တင်ယာဉ်ကြီးများ အတက်အဆင်းတွင် အခက်အခဲအချို့ကြုံတွေ့နေရကြောင်း ယင်းလမ်းတွင် မောင်းနှင်နေသည့် ယာဉ်မောင်းများက ပြောသည်။

မန္တလေးဘက်သို့အသွား သီပေါမှ ခုနစ်မိုင်ခန့်အကွာတွင် တည်ရှိသည့် အဆိုပါရထားသံလမ်းကူးလမ်းပိုင်းသည် ကားကြီးတစ်စီး ဝင်ဆံ့ရုံမျှ ကျယ်ဝန်းသည့်အပြင် ကုန်းတက်ကုန်းဆင်းတွင် တည်ရှိခြင်း၊ ယာဉ်ကြော အဆင်းအတက်မြင်ကွင်း ကွယ်နေခြင်း စသည့်အခက်အခဲများကြောင့် ကုန်စည်များဖြင့် တက်လာသည့် ကုန်တင်ကားကြီးများ ရုတ်တရက် ရပ်တန့်ရသည်များရှိသည်။

ထိုသို့ရုတ်တရက်ရပ်တန့်ရသည့်အတွက် ဂီယာပေါက်ထိခိုက်ခြင်း၊ ကားနောက်ပြန်လိမ့်ခြင်းနှင့် အခြားအင်ဂျင်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ကြုံတွေ့ရသည်ဟု ဆိုသည်။

"ညပိုင်းဆို မီးရောင်ကြောင့်မြင်ရလို့ အခက်အခဲသိပ်မရှိပေမယ့် နေ့ခင်းပိုင်းဆိုရင်တော့ မမြင်ရတဲ့အတွက် အန္တရာယ်ရှိပါတယ်"ဟု တွဲကားကြီး မောင်းနှင်သူတစ်ဦးက ပြောသည်။

ထို့ပြင် မိမိအချိန်အားသည့်အခါတိုင်း လက်ဖြင့်အချက်ပြကာ အဆင်းအတက်ကားများကို နှစ်ပေါင်းများစွာ ကူညီပေးနေသည့် ရထားလမ်းကူးဂိတ်စောင့် အမျိုးသမီးကြီးကလည်း "ကျွန်မအားတဲ့အချိန်ဆို အမြဲကူပြီး လမ်းပြပေးပါတယ်။ ကုန်တင်ကားကြီးတွေက အတက်ကို အရှိန်နဲ့ပြေးတက်လာရတော့ တစ်ခါတစ်ရံ ယာဉ်မတော်တဆဖြစ်တာတို့ လမ်းပိတ်တာတို့ ကြုံရတယ်"ဟု ၎င်းကြုံတွေ့ရပုံကို ပြောပြသည်။

အဆိုပါ ရထားသံလမ်းကူးလမ်းပိုင်းအပြင် နောင်ချိုမြို့အဝင်ရှိ ရထားလမ်းကူးလမ်းပိုင်းမှာလည်း အလားတူအခက်အခဲရှိနေသည့်အတွက် တိုးချဲ့ရန်လိုအပ်လျက်ရှိကြောင်း သိရသည်။

**ကိုနေ(သီပေါ)**



**ရန်ကုန်တိုင်းဒေသကြီး၊ ပုစွန်တောင်မြို့နယ်၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၂) မူလတန်းကြိုကျောင်း (ပုစွန်တောင်) ၌ စက်တင်ဘာ ၈ ရက်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဖြည့်စွက်စာအဖြစ် အာဟာရနွားနို့များ တိုက်ကျွေးခဲ့ပြီး ယင်းမူကြိုမှ ရင်သွေးငယ်များ အာဟာရပြည့်ဝစေရန် အာဟာရနွားနို့များကို တစ်ပတ်လျှင်နှစ်ကြိမ် တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။** သတင်းနှင့် ဓာတ်ပုံ - ကြေးမုံ

# စာအုပ်စာစောင်၊ နံရံကပ်စာစောင် ပြပွဲနှင့် ဟောပြောပွဲများကျင်းပ

**နေပြည်တော်၊ စက်တင်ဘာ ၁၂**

ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များအား ကျောင်းစာများသာမက ပြင်ပစာပေများဖြစ်သည့် သုတ၊ ရသ စာအုပ်စာစောင်များကိုပါ လေ့လာမှတ်သားသည့်အလေ့အထကောင်းများ ဖြစ်ပေါ်လာစေရန်နှင့် အထွေထွေဗဟုသုတများတိုးပွားလာစေရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်ကျေးရွာ၊ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဖြူသွယ်ထွန်းက စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေးနံရံကပ်စာစောင်နှင့် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများအား ရှင်းလင်းပြသခဲ့သည်။

ပြပွဲတွင်သုတ၊ ရသ စာအုပ်စာစောင် ၂၀၀ ကျော် ခင်းကျင်းပြသထားကြောင်းသိရသည်။

**ရွှေကုက္ကိုု**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်တွင် အရန်မီးသတ်မွမ်းမံသင်တန်း(၁/၂၀၁၄) ဖွင့်ပွဲကျင်းပ

**လားရှိုး၊ စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့နယ်တွင် စက်တင်ဘာ ၈ ရက် နံနက် ၉နာရီက အရန်မီးသတ်မွမ်းမံသင်တန်းကို မိုင်းရယ်မြို့ ပြည်ထောင်စုခန်းမတွင် အခမ်းအနားကျင်းပကြောင်း သိရှိရသည်။

သင်တန်းကို မြို့နယ်ရဲတပ်ဖွဲ့မှ နည်းပြအဖြစ်ဆောင်ရွက်ပြီး နားဖျိုင်း၊ ဟိုယ၊ လွယ်ငင်း ကျေးရွာများမှ သင်တန်းသားများစုစုပေါင်း ၁၀၉ ဦး တက်ရောက်ကြပြီး သင်တန်းသားများအား အခြေခံစစ်ရေးပြ၊ မီးသတ်ပညာ၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရှာဖွေရေးပညာနှင့် ဥပဒေဘာသာရပ်များကို အဓိကပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ စက်တင်ဘာ ၈ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ပို့ချသင်ကြားသွားမည်ဖြစ်သည်။

**ဟန်ဌေး(ပြန်/ဆက်)**

# လယ်မြေလုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးရေးကွင်းဆင်း

**မောက်မယ်၊ စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဝန်ထမ်းများက စက်တင်ဘာ ၉ ရက်တွင် နမ့်လွတ်ကျေးရွာအုပ်စုရှိ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ ထုတ်ပေးနိုင်ရေး မြေကြီး၊ မြေပုံ မှန်ကန်ရေးအတွက် မြို့နယ်လယ်ယာမြေစိစစ်ရေးနှင့် ကျေးရွာလယ်ယာမြေစိစစ်ရေးအဖွဲ့များမှ လုပ်ကွက်တစ်ကွက်ချင်းအလိုက် ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးလှဝင်းက ဦးဆောင်ပြီး မြို့နယ်မြေစာရင်းဝန်ထမ်း ၁၀ ဦးတို့က ခြံအလိုက် လက်တွေ့ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများနှင့် မြေပုံရေးဆွဲခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်ပြီး ကျန်ရှိနေသေးသည့် ကျေးရွာအုပ်စုများကိုလည်း ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြေစာရင်းဝန်ထမ်းများထံမှ သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

# ဇီဝိတဒါနအထူးကုဆေးရုံ ရေပေးဝေရေးအတွက် စက်ရေတွင်းတူးရန် အလှူငွေပေးအပ်ပွဲကျင်းပ

**မန္တလေး၊ စက်တင်ဘာ ၁၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနထွားရပ်ကွက် နန်းတော်ရှေ့ ၆၂ လမ်း၌ ၁၉၈၆ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့သော ဇီဝိတဒါနအထူးကုဆေးရုံ ရေပေးဝေရေးအတွက် စက်ရေတွင်းတူးရန် အလှူငွေပေးအပ်ပွဲကို ဆေးရုံအုပ်ကြီးရုံးခန်း၌ စက်တင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အလှူငွေပေးအပ်ပွဲသို့ ဆေးရုံဥပဌာကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသောင်းမြင့်၊ အလှူရှင် မဟာဗောဓိရိပ်သာနေ ဒေါ်သောင်းသောင်းမိနှင့် မိသားစုက မိခင်ကြီး ဒေါ်မိမိအားရည်စူး၍ ကျပ်သိန်းနှစ်ဆယ်တိတိ လှူဒါန်းပြီး ဒေါ်သောင်းသောင်းမိထံမှအလှူငွေ သိန်းနှစ်ဆယ် လက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။ **(၃၈၇)**

AUNG
Auto Service
ကိုဇော်အောင် (၀၉-၄၃၀၈၂၂၂၄)
www.facebook.com/AungAutomobileService
e-mail - aungautoservice@gmail.com
Car, Truck, Bus များ၏ Engine, A/T, ABS, SRS စနစ်များကို Scan Tool အသုံးပြု၍ စမ်းသပ် စစ်ဆေးပြုပြင်ပေးခြင်း။
DPF/DPD စနစ်များ၊ CRS Pump Code စနစ်များ၊ CRS Nozzle Code စနစ်များကို Scan Tool အသုံးပြု၍ Code registration, DPF regeneration ပြုလုပ်ပေးခြင်း။
Car, Truck, Bus များ၏ Chip Key, Remote Key များကို အပိုကူးယူပေးခြင်း။
ကားသေး၊ ကားလတ်၊ ကားကြီး ခမ်းဘပ်ဖို့ အသင့်တော်ဆုံး
12-24V သုံး G-Scan 2
EFI Computer Control Training
တွန်ပျူတာထိန်းချုပ်စနစ်အသုံးပြုသောမော်တော်ယာဉ်ကားများ၏စစ်ဆေးပြုပြင်ခြင်းသင်တန်းကို ကိုယ်ပိုင် အလုပ်ရုံတွင် (စာတွေ့+လက်တွေ့)သင်ကြားပေးပါသည်။
လစဉ်(၁၁)ရက်နေ့တိုင်းသင်တန်းဖွင့်လှစ်ပါသည်။
နယ်ကျောင်းသားများနေထိုင်ရေး(အခမဲ့)
Car Black Box Available
Ko Lay (09255783994)
TransponderKey Copy - 50000
Original Key Remote - 50000
ဆိုင်(၁) - အမှတ်(၁၃၃၆)၊ မြို့ပတ်လမ်း(မင်္ဂလာဒုံဈေးလမ်း)၊ မင်္ဂလာဒုံ
ဆိုင်(၂) - အမှတ်(၁၁၉၂/က)၊ ရတနာလမ်းတောင်ဥက္ကလာ (Key Service Only)

ဗုဒ္ဓံ ဘုရားဂုဏ်တော်
ဓမ္မံ တရားဂုဏ်တော်
သံဃံ သံဃံဂုဏ်တော်
ရောဝတီမန်းကျောက်မျက်ရတနာ
နှစ်(၂၀)မြောက်မင်္ဂလာ
ဝယ်ယူအားပေးသူအားလုံးကျန်းမာချမ်းသာကြပါစေ
အမှတ်(၃၃၀က+၃၂၉က)ကမ္ဘာအေးစေတီလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်း၊ ကျောက်မျက်ခန်းမနှင့် မျက်နှာချင်းဆိုင်၊ ကမ္ဘာအေး၊ ရန်ကုန်။
Ph-01-665032, 09- 5149536, 09-450040066, 09-421100211, 09-250426014
Fax - 01 665032, Email- ayagems@gmail.com
SINCE 1994

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇ဘီ)၊ မြေကွက်အမှတ်(၁၃၇)၊ မြေကွက်တည်နေရာအမှတ်(၁၁)၊ သိရိမင်္ဂလာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးစိုးနိုင်၊ ဒေါ်နီနီစိုး၊ ဦးမိုးဇော်ထွန်း၊ ဒေါ်စန်းအောင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမိုးဇော်ထွန်း(လူပျိုကြီးဘဝဖြင့်)ကွယ်လွန်သဖြင့် ၎င်းအစုကို ညီအစ်ကိုမောင်နှမ ဖြစ်သော ဦးစိုးနိုင်[၁၂/မဂတ(နိုင်)၀၃၈၉၆၃]၊ ဒေါ်နီနီစိုး[၁၂/မဂတ(နိုင်)၀၃၈၉၆၂]တို့ထံမှ GP[၁၅၄၃၉/၆-၆-၁၄] ဖြင့်ရရှိသူ ဦးဝင်းနိုင်[၁၂/မဂတ(နိုင်)၀၃၈၂၈၄]နှင့် ကျန်ပူးတွဲအမည်ပေါက် ဒေါ်စန်းအောင်[၁၂/ မဂတ(နိုင်)၀၃၇၃၈၅]တို့မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၀/တောင်)၊ မြေကွက်အမှတ် (၂၁၄၉/က)၊ မြေကွက်တည်နေရာအမှတ်(၂၁၄၉/က)၊ ဇေယျဝတီ(၃)လမ်း၊ ၁၀/တောင်(၁၃)ရပ်ကွက်၊ သာကေတမြို့နယ်(ဦးမောင်ညွှန့်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်ညွှန့်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်အေးစန်း[၁၂/သကတ(နိုင်)၀၅၃၈၄၅]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၆၁၃/၁၄(၁၈-၆-၁၄)ရသူ ဒေါ်သဇင်[၁၂/သကတ(နိုင်)၁၇၅၆၄၃]မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/၄)၊ မြေကွက်အမှတ်(၁၈၀၇)၊ မြေကွက်တည်နေရာ-ပီမိုးနင်းလမ်း၊ (၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ရှိ ဦးစန်းလင်း(ခ)ဦးဆန်းလင်း[၉/ကပတ(နိုင်)၀၁၂၁၇၅]အမည်ပေါက်နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားစာချုပ်(ဂရန်)မိတ္တူမှန် ထုတ်ပေးပါရန် အမည်ပေါက်ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ဝန်ခံကတိ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာတို့တင်ပြ၍ လျှောက်ထားလာမှုအပေါ် မြေငှားစာချုပ်(ဂရန်)မိတ္တူမှန် ထုတ်ပေးသွားမည်ဖြစ်ရာ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၁၇-၁၁-၉၈ရက်စွဲဖြင့် ထုတ်ပေးခဲ့သော မူလမြေငှားစာချုပ်(ဂရန်)အမှတ်-လသယ/၂၃၅၆/၉၈ အားပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ကံမမြို့နယ်က ထူးခြားစွာတည်ထားသောစေတီတစ်ဆူ



**ကံမ၊ စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ် ကျောက်ပဒေါင်းကျေးရွာ အနီးရှိ ရှင်မတောင်ပေါ်တွင် ထူးခြားစွာ တည်ထားကိုးကွယ်တော်မူသော ကျိုက်ထီးရွက်စေတီတော်သည် ကံမမြို့၏ အနောက်မြောက်ဘက် ၁၈ မိုင်ခန့် အကွာ သရက်မြို့နယ်၊ မင်းတုန်းမြို့နယ်နှင့် ကံမမြို့နယ်တို့ဆက်စပ်ရာအနီး ကျောက်တောင်ကြီးပေါ်ရှိ ကျောက်တုံးကြီးပေါ်တွင် တည်ထားကိုးကွယ်တော်မူသော စေတီဖြစ်သည်။

အဆိုပါကျောက်တောင်ကြီးသည် အလျား ၄၁၂ ပေ၊ အမြင့် ၁၂၅၀ ပေရှိ၍ တောင်ဘက်သို့ ဦးခေါင်းလှည့်လျက်ရပ်နေသော ဆင်ကြီးနှင့်သဏ္ဍာန်တူပြီး ၎င်းဦးခေါင်းပေါ်တွင် အလျား ၂၁ ပေ ၆ လက်မ၊ အမြင့် ၇ ပေနှင့် လုံးပတ် ၄၉ ပေ ၆ လက်မရှိသော ကျောက်တုံးကြီးကို ရွက်ဆောင်ထားသကဲ့သို့ရှိသဖြင့် ထူးဆန်းသောကျောက်တောင်ကြီး ဖြစ်သည်။

၎င်းတောင်ကို ရှေးလူကြီးများက ဆင်မတောင်ဟုခေါ်တွင်ခဲ့ကြသော်လည်း ကာလရွေ့လျားလာသည်နှင့်အမျှ ယခုအခါ ရှင်မတောင်ဟုဒေသခံများက ခေါ်တွင်ကြသည်။ထူးဆန်းအံ့သြဖွယ်ကောင်းသည့် ကျောက်တောင်ကြီးပေါ်ရှိ ကျောက်တုံးပေါ်တွင် မြန်မာသက္ကရာဇ် ၁၂၆၉ ခုနှစ်တွင် ဆရာတော်ဦးပဏ္ဏဝနှင့် ဆရာတော် ကိုးပါးတို့ဦးဆောင်၍ ၁၀ ပေ ၆ လက်မအမြင့်ရှိသော စေတီတော်ကို တည်ထားကိုးကွယ်ရာ တိုင်းနိုင်ငံအေးချမ်းသာယာမည့် အဓိပ္ပာယ်ကိုယူ၍ ကျိုက်ထီးရွက်စေတီတော်ဟူသော ဘွဲ့အမည်ကိုတွင်စေခဲ့သည်။

ကျိုက်ထီးရွက်စေတီတော်သို့ ဘုရားဖူးသွားရောက်ကြရာတွင် ကံမမြို့မှ ၁၃ မိုင်ဝေးကွာသော ကျီးမီးကျေးရွာသို့ မော်တော်ကားဖြင့်သွားရောက်ပြီးနောက် ၎င်းရွာမှတစ်ဆင့် ငါးမိုင်ခန့်မှာ နွားလှည်းစီး၍ ခက်ခဲစွာသွားလာကြရသည်။

လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ဒေသခံ ဘုရားဖူးပြည်သူများသာ ဖူးမြော်ရပြီး နိုင်ငံအတွင်းနေရာအနှံ့အပြားမှ ဘုရားဖူးပြည်သူများနှင့် နိုင်ငံခြားသားဧည့်သည်များပါမကျန် လာရောက်ဖူးမြော်နိုင်စေရန်အတွက် ဆရာတော် သံဃာတော်များ၏ ဩဝါဒကိုခံယူ၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်း/ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုဖြင့် နွားလှည်းဖြင့် ခက်ခဲစွာသွားလာရသော ငါးမိုင်ခန့်အား မြေသားလမ်းဖောက်လုပ်ထားရှိပြီး ဖြစ်သည်။

အဆိုပါလမ်းအား ပွင့်လင်းရာသီမှစတင်၍ လာမည့်နှစ်များတွင် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ပြန်/ဆက်)**

# ကျုံပျော်မြို့နယ်တွင် ခြောက်လကြာ အရန်သားဖွားသင်တန်းဖွင့်လှစ်

**ကျုံပျော်၊ စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ပြည်သူ့ဆေးရုံ အစည်းဝေးခန်းမတွင် စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက အရန်သားဖွားသင်တန်း (၂/၂၀၁၄) ဖွင့်ပွဲအခမ်းအနားအား ကျင်းပခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးသန်းထွန်းက ကျုံပျော်တွင် လက်ရှိအနေအထားအရ ကျန်းမာရေးစောင့်ရှောက်မှု အားကောင်းနေကြောင်း၊ ယခုကဲ့သို့ အရန်သားဖွားသင်တန်းများပို့ချ၍ဒေသတွင်း ကျန်းမာရေးစောင့်ရှောက်မှုအင်အားများ မွေးထုတ်ပေးနိုင်ခြင်းသည် အထူးကောင်းမွန်ပါကြောင်း ပြောကြားခဲ့သည်။

ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတန်က မိမိတို့မြို့တွင် ရပ်ကွက်ရှစ်ခု ကျေးရွာအုပ်စု ၈၉ အုပ်စုပေါင်း ၉၇ ခုတွင် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ချထားပေးသော သားဖွားဆရာမ ၅၀ ဦးသာရှိကြောင်း ကျေးရွာများတွင်ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီစွာဆောင်ရွက်နိုင်ရေး အတွက် သင်တန်းသူများအနေဖြင့် ဆရာများ၏ ပို့ချမှုကို အထူးဂရုပြု၍သင်ယူကြစေလိုကြောင်း၊ ပြောကြားခဲ့သည်။

ထို့နောက်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတိုးမောင်က ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ကျန်းမာရေးကဏ္ဍကို အထူးအလေး ပေး ဆောင်ရွက်လျက်ရှိပါကြောင်း မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုတိုင်းအတွက် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံစွာမရရှိနိုင်သေးမီ ယခုကဲ့သို့ အရန်အင်အားများကို စဉ်ဆက်မပြတ်မွေးထုတ်၍ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းက အဓိကရည်ရွယ်ချက်ဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက်ကလေး သေဆုံးမှု လျော့နည်းစေရန်နှင့် ကျွမ်းကျင်စွာ စောင့်ရှောက်မှုပေးနိုင်မည့်သူများဖြစ်စေရန်အတွက် အထူးလေ့ကျင့်သင်ကြားပေးသွားမှာဖြစ်ကြောင်း၊ စာတွေ့သုံးလ၊ လက်တွေ့သုံးလ သင်ကြားပေးသွားမှာဖြစ်ပြီး အရည်အချင်းစစ်စာမေးပွဲကိုလည်း ဖြေဆိုရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့မှသာ မိမိဒေသတွင် လက်တွေ့အကောင်အထည်ဖော်မည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အောင်မြင်မှုရရှိနိုင်မှာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကျုံပျော်မြို့တွင်ပြီးခဲ့သည့် ဩဂုတ်လအတွင်းက အရန်သားဖွားသင်တန်းသူ ၃၁ ဦးအား ပထမအကြိမ်မွေးထုတ်သင်တန်းဆင်းပေးနိုင်ခဲ့ပြီး ယခု ဒုတိယအကြိမ်မြောက်သင်တန်းကို စက်တင်ဘာ ၁၀ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်အထိ ခြောက်လကြာ ပို့ချပေးသွားမည်ဖြစ်ကာ ကျေးလက်ကျန်းမာရေးဝန်ထမ်းများနှင့် အလှမ်းဝေးသော ကျေးရွာများမှသင်တန်းသူ ၃၀ ဦး တက်ရောက်သင်ကြားကြမည်ဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲကျင်းပ

**ဘော်လခဲ၊ စက်တင်ဘာ ၁၂**

ကယားပြည်နယ်၊ ဘော်လခဲခရိုင်၊ ဘော်လခဲမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု သရုပ်ပြပွဲကို အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့သည်။

မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲသို့ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှိုင်ဝင်းထွန်းက မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ သိကောင်းစရာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးဟောပြောပေးခဲ့သည်။ ဟောပြောပွဲအပြီးတွင် တက်ရောက်လာကြသော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများကို လက်တွေ့ မီးငြိမ်းသတ်မှု သရုပ်ပြကွက်များဖြင့် ပြသပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# နံ့ရုံကပ်စာပေရေချမ်းစင်တွင် စာအုပ်များဖြည့်ဆည်း

**စစ်ကိုင်း၊ စက်တင်ဘာ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများက သက်ဆိုင်ရာနယ်မြေဒေသရှိ လူစည်ကားသည့် နေရာများသို့ နံ့ရုံကပ်စာပေရေချမ်းစင်များကို ပြည်သူများ အလွယ်တကူဖတ်ရှုလေ့လာနိုင်အောင် စီစဉ်ဆောင်ရွက်ထားပေးလျက်ရှိသည်။

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည်လည်း စက်တင်ဘာ ၁၁ ရက်က မြို့ပေါ်ရပ်ကွက် လူစည်ကားသည့်နေရာ ရှစ်နေရာနှင့် မြို့နယ်အတွင်းရှိ ကျေးရွာကြီးများဖြစ်သော မင်းကွန်း၊ ပဲကတိုး၊ ရွာသစ်ကြီး၊ ညောင်ပင်ဝန်း၊ ဆားတောင်ကျေးရွာများရှိ နံ့ရုံကပ်စာပေရေချမ်းစင်သို့ စာအုပ်စာစဉ်များ ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ ကျေးရွာမှာ စာကြည့်တိုက်တော့ရှိပါတယ်။ ဒါပေမယ့် စာကြည့်တိုက်နဲ့ ဝေးနေတဲ့ပြည်သူတွေက သီးသန့်သွားပြီး မဖတ်ဖြစ်ကြဘူး ဖြစ်နေတယ်။ အခုလို အလွယ်တကူဖတ်လို့ရအောင် စီစဉ်ပေးထားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ လက်ဖက်ရည်သောက်ရင်း စာအုပ်တွေကြည့်ဖြစ်ကြပါတယ်။ စာအုပ်လေးတွေက ပေါ့ပေါ့ပါးပါးနဲ့ ဘာသာရပ်မျိုးစုံပါတော့ စိတ်ဝင်စားစွာဖတ်ကြတာကို တွေ့ရပါတယ်”ဟု မင်းကွန်းကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောသည်။

**ဇော်မြင့်နိုင်**

# ကျောင်းသား /သူများအား အာဟာရဒါနကျွေးမွေး

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာ ၈ ရပ်ကွက်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့်ဖွဲ့စည်းထားသော လူငယ်ပရဟိတအဖွဲ့မှ အ. မ. က (၁၉) မူလွန်ကျောင်းရှိကျောင်းသား၊ ကျောင်းသူ ၇၀၀ ကျော်အား စက်တင်ဘာ ၁၀ ရက် နံနက် ၉နာရီခွဲက အာဟာရဒါန (မုန့်ဟင်းခါး) များ လှူဒါန်းကျွေးမွေးခဲ့သည်။

အဆိုပါပရဟိတအဖွဲ့သည် ရပ်ကွက်အတွင်း နာရေးကိစ္စများကို အထူးကူညီဆောင်ရွက်ပေးနေခဲ့ပြီး ဒုတိယအကြိမ်မြောက် အာဟာရဒါနကျွေးမွေးလှူဒါန်းခဲ့ခြင်း ဖြစ်သည်။

မုန့်ဟင်းခါးအချိန် ၈၀ ကုန်ကျစရိတ်ကို ကိုဝင်းဌေး၊ ကိုသန်းနိုင်တို့က ငွေကြေးတာဝန်ယူခဲ့ပြီး ဗလာစာအုပ် ဒါဇင် ၆၀ ကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတိုးကြီးစိုးနှင့် ပရဟိတလူငယ်များမှ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ လှူဒါန်းသော ဗလာစာအုပ်များကို ကျောင်းသား၊ ကျောင်းသူများကိုယ်စား ဆရာမများမှ လက်ခံရယူခဲ့ကြောင်း သိရသည်။

**အောင်သာကျော်**


**ဒေါ်စန်းစန်း[၁၂/အလန(နိုင်)၀၁၈၄၃၃] ကိုင်ဆောင်သူနှင့်**
**အများသိစေရန် အသိပေးကြေညာခြင်း**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ (မောင်ကလေးဝင်း)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-N)၊ မြေကွက်အမှတ်(၁၅၃/၁၅၅)မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ရော်ဇီယာဘေဂေါင်နှင့် ရော်ဟိမ်းမာလီတို့က (၁၆-၃-၁၉၈၃)ခုနှစ်ကတည်းက အမည်ပေါက်လက်ရှိထား နေထိုင်ပိုင်ဆိုင်သူ ဦးမောင်ကလေးထံမှ ဝယ်ယူနေထိုင်ခဲ့ပါသည်။

ယခုအခါ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-N )၊ မြေကွက်အမှတ် (၁၃ C၊ ၁၃ $C^1$၊ ၁၃ $C^2$၊ ၁၃ $C^3$၊ ၁၃ F၊ ၁၃ $F^1$၊ ၁၃ $F^2$၊ ၁၃ G၊ ၁၃ $G^1$၊ ၁၃ $G^2$) (မောင်ကလေးဝင်း) မြေကွက်များနှင့်ပတ်သက်၍ ကွယ်လွန်သူ ဦးမောင်ကလေး၏ တစ်ဦးတည်းအမွေခံဆက်ခံခွင့်ရှိသူဟုဆိုသူ ဒေါ်စန်းစန်းနှင့် ၎င်း၏ တရားလွှတ်တော်ရှေ့နေ ဦးဟန်ညွန့်တို့က ၇-၃-၂၀၁၂ရက်စွဲပါ ကြေးမုံသတင်းစာမှတစ်ဆင့် တားမြစ်လာသဖြင့် လွန်ခဲ့သော နှစ်ပေါင်း (၃၀)ကျော်ခန့်မှစ၍ ကျွန်ုပ်တို့၏မိတ်ဆွေများက ဦးမောင်ကလေးပိုင် မြေဧရိယာများအနက်မှ တစ်စိတ်တစ်ဒေသကို ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း တရားလွှတ်တော်ရှေ့နေ ဦးဟန်ညွန့်ထံ တွေ့ဆုံဆွေးနွေး ညှိနှိုင်းမပြီးမပြတ် ဖြစ်ပါ၍ အထက်ဖော်ပြပါ ကျွန်ုပ်တို့၏မိတ်ဆွေများ ဝယ်ယူပိုင်ဆိုင်သည့်မြေနှင့်ပတ်သက်၍ မည်သူမျှ လွှဲပြောင်းရောင်းချခြင်း၊ ကျူးကျော်နေထိုင်ခြင်း၊ ပိုင်ဆိုင်ခွင့် လွှဲပြောင်းပြုလုပ်ခြင်း၊ အခြားတစ်နည်းနည်း ဆောင်ရွက်ခြင်းတို့ မပြုလုပ်ရန် သတိပေးတားမြစ်ကြောင်း ဒေါ်စန်းစန်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဝင်းနိုင် (**LL.B,D.B.L,D.I.T**) ဒေါ်မိမိထိုက် (**LL.B**)
အထက်တန်းရှေ့နေများ
အမှတ်(၃၆/ခ)၊ ဗိုလ်အောင်ကျော်လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၄၂၁၁၃၀၇၄၉၊ ၀၉-၄၂၅၃၀၄၇၃၁



**ရောင်းရန်ရှိသည်**

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်လမ်းဆုံအနီး၊ 3B (က)မြေအမျိုးအစား၊ ပေ(၅၆×၅၀) ၁ကွက်နှင့် ပေ(၆၅×၂၀၀) ၁ကွက် တွဲလျက် ရောင်းရန်ရှိသည်။

ဈေးနှုန်း သိန်း-၄၈၀၀
ဖုန်း-၀၉-၈၅၈၀၆၈၂



**ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ ကွမ်းခြံ(၇)လမ်း၊ တိုက်(၁၁)၊ ၃-လွှာ၊ အခန်း(၂၀၈)၊ ပေ(၁၂×၅၀)အကျယ်ရှိ တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာချက်**

အထက်ပါတိုက်ခန်းအား အမည်ပေါက် ဦးမြင့်အေး(SKGN-003981)ထံမှ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နန်းမွေခမ်း[၁၃/နခန(နိုင်)၀၁၈၄၃၅]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ တစ်ဦးတစ်ယောက်အနေဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြေညာချက်ပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်ဆင့်သီရိခင်ဇော်(စဉ်-၃၁၅၀၅)
(**LL.B,D.M.L**) အထက်တန်းရှေ့နေ
အမှတ်-၁၃၀၂၊ ရှုခင်းသာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့



**နေလင်းအီလက်ထရွန်နစ်လုပ်ငန်းခွင်အထူးသင်တန်းမှ**

● ပုံမှန် အခြေခံအဆင့်သင်တန်း။ CRT, LCD, Plasma, OLED TV ပြုပြင်အစားထိုးနည်း အထူးအမြန်သင်တန်း ● တယ်လီဖုန်းဆော့ဝဲလ်၊ ဟာ့ဒ်ဝဲလ် အခြေခံကျကျ တစ်ဦးချင်း နားလည်တတ်ကျွမ်းသည်အထိ သင်ကြားပေးနေပြီ။

● မှန်ပြားတီဗွီ(LCD TV) ပြုပြင်နည်းစာအုပ် မကြာမီ ထွက်တော့မည်

အမှတ်(၆၅)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်။ ဖုန်း- ၀၁ ၅၁၃၁၀၆၊ ၀၉ ၄၅၀၀ ၅၆၃၄၂



**အများသိစေရန်**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၅)ရပ်ကွက်၊ အမှတ်-၁၈၀၁ ဟုခေါ်တွင်သော ပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးဇာနည်လင်း[၁၂/ပဘတ(နိုင်)၀၂၆၀၉၀]ထံမှ ကျွန်တော်၏မိတ်ဆွေ ဦးသူရဇော်[၁၂/လမန(နိုင်)၁၃၁၆၈၀]က ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိပါက ကျွန်တော့်ထံသို့ (၇)ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသူရဇော် ဦးခင်မောင်အေး
[၁၂/လမန(နိုင်)၁၃၁၆၈၀] အထက်တန်းရှေ့နေ(စဉ်-၃၂၃၅၇)
မ-၁၆၇၊ ကြေး(၂)သွယ်၊ ပိန္နဲကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်။
ဖုန်း-၀၉-၇၃၀၇၆၆၉၃

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းရီ

## အလယ်တန်းပြဆရာမ(ငြိမ်း)

## အသက်(၈၀)

**စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်+ဒေါ်သူဇာဝေတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်သန်းရီ၊ အသက်(၈၀)** သည် (၈-၉-၂၀၁၄)ရက်နေ့ နံနက်(၁၀)နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံရိပ်သာ၊ ဂန္ဓမာလမ်း၊ အမှတ်(၂) နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုင်းမျိုးဝင်း + ဒေါ်နန်းခင်မြင့်ရီ**

**EXCELLENT FORTUNE DEVELOPMENT GROUP CO., LTD.**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**စိတ်ရောဂါအထူးကုဆရာဝန်ကြီး Dr. ဦးမျိုးသိန်း**

**အသက် (၇၄) နှစ်**

BEST WORLD LIFESTYLE Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဦးဇော်ခိုင်ဦး၏ဖခင်ကြီး စိတ်ရောဂါအထူးကုဆရာဝန်ကြီး Dr. ဦးမျိုးသိန်း၊ အသက်(၇၄)နှစ်သည် ၈-၉-၂၀၁၄(တနင်္လာနေ့) ညနေ ၃း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

***BEST WORLD LIFESTYLE Co.,Ltd***

***M.D ဒေါ်မိုးမိုး***

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန်းရီ**

**အလယ်တန်းပြဆရာမ(ငြိမ်း)**

**အသက်(၈၀)**

စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်-ဒေါ်သူဇာဝေတို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်သန်းရီ အသက်(၈၀)သည် ၈-၉-၂၀၁၄ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ် ငွေကြာရံရိပ်သာ၊ ဂန္ဓမာလမ်း၊ အမှတ်(၂)နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ထွန်းအောင် - ဒေါ်မြမြဖြိုး**

**Youth Force Group of Companies**

---

## (၁၀)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဗိုလ်ကြီးမြသောင်း**

**ဗိုလ်သင်တန်းအမှတ်စဉ်(၅၉)**

**(၁၃-၉-၂၀၀၄ - ၁၃-၉-၂၀၁၄)**

မမျှော်လင့်ဘဲ မိသားစုနှင့်ခွဲခွာသွားတာ ၁၃-၉-၂၀၁၄ ရက်တွင် (၁၀)နှစ်တိတိ ပြည့်ခဲ့ပါပြီ။ နှစ်စဉ်ရည်စူးပြုလုပ်ခဲ့သော အလှူဒါနများနှင့် ပြုပြုသမျှကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါတယ်။ ရောက်ရာဘုံဘဝမှအမျှရ၍ သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး - ဒေါ်မြင့်မြင့်လွင်(အလက-၁၊ ဒဂုံ)**

**ချစ်သား - မောင်ရဲဇော်မျိုး(M.C.G Co.,Ltd)**

---

**ဖခင် အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ အထက(၂)၊ ဒသမတန်း(က)မှ မောင်ဇော်လင်းထွန်း၏ဖခင်အမည်မှန်မှာ ဦးမြင့်နိုင်[၁၄/ကလန(နိုင်)၀၇၅၆၂၉] ဖြစ်ပါကြောင်း။

**ဦးမြင့်နိုင်[၁၄/ကလန(နိုင်)၀၇၅၆၂၉]**

---

## ဖခင်အမည်မှန်

ထန်းတပင်မြို့နယ်၊ အထက(ခ)ခွဲကျိုက္ခနာ၊ နဝမတန်း(B)တွင် ပညာသင်ကြားနေသော မခိုင်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးမင်းအောင် [၁၂/ထတပ(နိုင်)၀၈၃၂၉၁]ဖြစ်ပါကြောင်း။

**ဦးမင်းအောင်**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ လူနေရပ်ကွက်အမှတ်(၁၃)၊ အနော်မာ(၁)လမ်း၊ မြေကွက်အမှတ်(၂၇/က)ဟု ခေါ်တွင်သော အကျယ်အဝန်းပေ(၂၀×၆၀) ဂရန်မြေအနက်မှ ခြေရင်းခြမ်း အကျယ်အဝန်းပေ(၁၀×၆၀)ရှိ မြေကွက်နှင့်မြေပေါ်ရှိ နှစ်ထပ်အုတ်ညှပ် အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကွယ်လွန်သူများဖြစ်သော ဦးနိုင်ဝင်းမောင်[၁၂/ကတန(နိုင်)၀၉၀၅၃၇]နှင့်ဇနီးဖြစ်သူ ဒေါ်တင်တင်ဝင်း[၁၂/ကတန(နိုင်)၀၆၃၆၉၉]တို့မှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသော ပစ္စည်းဖြစ်ပြီး ၎င်းတို့ကွယ်လွန်ပြီးနောက် တရားဝင်အမွေဆက်ခံ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအုံးတင်[၁၂/ကတန(နိုင်)၀၁၂၁၉၆]၊ ဒေါ်ခင်စန်းရီ[၁၂/ဥကတ(နိုင်)၀၆၆၂၃၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာလာ[၁၂/ဥကမ(နိုင်)၁၅၉၉၆၀]က အဆိုပါမြေနှင့်အိမ်အား အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏အချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မျိုးအောင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၈၂)**

**အမှတ်(၁၁)၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊**

**တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ တော်ဝင်လမ်း၊ အမှတ်(၅၈)၊ ပ-ထပ်(ဘီ) စတုရန်းပေ ပေ(၁၂½ ×၅၀)ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ဦးအောင်သန်းမြင့်(ကန်ထရိုက်တာ)[၁၂/စခန(နိုင်)၀၅၅၉၃၃] Hein Construction ထံသို့ စရန်ငွေများပေးချေထားပါ၍ ကျန်ငွေများမပေးမီ (သို့မဟုတ်) အပြီးအပိုင် အရောင်းအဝယ်စာချုပ် မချုပ်ဆိုမီ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အထက်ပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မိုးသူ(စဉ်-၈၅၂၁) ဒေါ်ခင်လင်းအေး(စဉ်-၉၇၃၁)**

**တရားလွှတ်တော်ရှေ့နေများ**

**အခန်း(၃)၊ ၇-လွှာ၊ Strand Condo**

**ဗဟာဗန္ဓုလပန်းခြံလမ်းနှင့်ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၃၁၅၄၆၅၁၊ ၀၉-၃၁၂၉၁၀၃၄**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ အမှတ်-၃၉၊ အခန်းအမှတ်-၆၀၈၊ (၆)လွှာ၊ ယူနိုက်တက်ကွန်ဒို၊ အလံပြဘုရားလမ်းနှင့် နဝဒေးလမ်းထောင့်ရှိ လူနေတိုက်ခန်းနှင့် တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ဆိုင်ခွင့်ရှိသူဟု ကတိပြုသူ ဒေါ်ဥမ္မာတင်[၁၂/ကမတ(နိုင်)၀၄၁၉၆၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း လွှဲပြောင်းရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သီဂီအောင်(LL.B.,Dip in Business Law)(စဉ်-၂၇၁၁၆)**

**အမှတ်-၁၉၉၊ ဗိုလ်နတ်ကျော်လမ်း၊ ၄၉ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊**

**ရန်ကုန်မြို့။**

**ဖုန်း-၀၉၄၃၀၆၆၄၁၈**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# မြောက်ယမားဆည်၏ လက်ယာမြောင်းလက်တံသစ် တူးဖော်ခြင်းလုပ်ငန်း ပြန်လည်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  စက်တင်ဘာ ၁၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ သဝဏ်လွှာဖြင့်ပေးပို့ထားသော တည်ဆောက်ဆဲအခြေအနေတွင် ရပ်ဆိုင်းထားခဲ့ရသည့် မြောက်ယမားဆည်၏ လက်ယာမြောင်းလက်တံသစ် ဆက်လက်တူးဖော်ရေးကိစ္စရပ်နှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်ဇော်က မြောက်ယမားဆည်၏ လက်ယာမြောင်းလက်တံသစ်တူးဖော်ခြင်းလုပ်ငန်း၏ ကျန်ရှိသောလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဩဂုတ် ၂၅ ရက်မှ စတင်၍ လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် ပြန်လည်ဆောင်ရွက်လျက်ရှိပါကြောင်း။ **စာမျက်နှာ ၇ ကော်လံ ၁ သို့**

# ဖွံ့ဖြိုးတိုးတက်မှု အပေါင်းလက္ခဏာများ ထပ်ဆင့်နေသည့် ရခိုင်ပြည်နယ်

**တွေ့ဆုံမေးမြန်း » မင်းမင်းဇော်(သတင်းစဉ်)**

လူ့အဖွဲ့အစည်းအရပ်ရပ်တို့သည် လူ့ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားကြသည်။ ယခုပစ္စုပ္ပန်တည့်တည့်တွင် ရခိုင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မြင်တွေ့နေရသည်။ သို့ဖြစ်၍ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဦးနှင့် တွေ့ဆုံမေးမြန်း၍ ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ


သတင်း စာမျက်နှာ - ၅

ယနေ့ မာတိကာ

မျိုးသုဉ်းပျောက်ကွယ်တော့မည့် ကမ္ဘာ့ရှားပါး စာရင်းဝင် မြိုင်ကြီးပင် ရခိုင်ပြည်နယ်ရှိ ဒီရေတောများတွင် အပင်ရေထောင်ကျော်တွေ့ရ စာမျက်နှာ - ၁၂

ဩဂုတ်လ၏ ပရီမီယာလိဂ် အကောင်းဆုံးသု ကော်စတာဆွတ်ရှူး စာမျက်နှာ - ၁၃





စက်တင်ဘာ ၅ ရက်က ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဦးအုန်းမြင့်နှင့် ဦးဉာဏ်ထွန်းအောင်တို့ ဆွစ်ဇာလန်နိုင်ငံရှိ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၂၁၅၀ တွင်ရှိပြီး လျှပ်စစ် ၃၆၀ မဂ္ဂါဝပ်ထုတ်လုပ်သည့် Vleux Emosson ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်လေ့လာကြစဉ်။(အဆိုပါရေအားလျှပ်စစ်စီမံကိန်းကို မဂ္ဂါဝပ် ၉၀၀ အထိ ထုတ်လုပ်နိုင်ရန် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။)*(သတင်းဇော်ပြုံး)*



**စက်တင်ဘာ ၁၁ ရက်က ယှဉ်ပြိုင်ခဲ့သော ဆီးမီးဖိုင်နယ်ပွဲစဉ်တွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။**

ဖိုးသော်ဇင်

# အာဆီယံယူ-၁၉ ပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲတို့ ယနေ့ကစားမည်

**ဗီယက်နမ်  စက်တင်ဘာ ၁၂**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် အာဆီယံယူ-၁၉ ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို စက်တင်ဘာ ၁၃ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ တတိယနေရာလုပွဲအဖြစ် မြန်မာနှင့် ထိုင်း၊ ဗိုလ်လုပွဲအဖြစ် အိမ်ရှင်ဗီယက်နမ်နှင့် ဂျပန်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းမှာ အုပ်စုတွင်းပြသခဲ့သည့် ခြေစွမ်းကြောင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်မည်ဟု မျှော်လင့်ထားသော်လည်း အိမ်ရှင်ဗီယက်နမ်ကို ဂိုးပြတ်ရှုံးနိမ့်ကာ ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရသည်။ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် မြန်မာယူ-၁၉ အသင်းမှာ ထိုက်တန်သည့်ခြေစွမ်းကို ပြသနိုင်ခဲ့သော်လည်း ကွင်းလုံးပြည့်ပရိသတ်နှင့် မကစားဖူးသည့် အတွေ့အကြုံကြောင့် မြန်မာကစားသမားများကို အခက်တွေ့စေခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းမှာ အိမ်ရှင်အခွင့်အရေးကို အပြည့်အဝအသုံးချကာ ပရိသတ်အပြည့်လာစေရန် ပွဲချိန်ပြောင်းလဲခဲ့သည်။ ပရိသတ် ၄၀၀၀၀ ဝန်းကျင်ဆံ့ မိုင်ဒင်းကွင်းလုံးပြည့် လာရောက်အားပေးသည့် ပရိသတ်အားကြောင့် မြန်မာယူ-၁၉ အသင်းမှာ ပုံမှန်ခြေစွမ်းပျောက်ဆုံးကာ ဂိုးပြတ်ရှုံးသွားရခြင်းဖြစ်သည်။

ပရိသတ်အရှိန်ကြောင့် စိုးရိမ်စိတ်များနေသည့် မြန်မာယူ-၁၉ အသင်းမှာ ပွဲချိန်တစ်လျှောက် အမှားအယွင်းများခဲ့သလို **စာမျက်နှာ ၉ ကော်လံ ၁ သို့**






ကြေးမုံ The Mirror Established in 1957
themirror.npt@gmail.com
www.facebook.com/themirrordaily
R/184 မြင့် ကြေးမုံသတင်းစာတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။

Like f https://www.facebook.com/yourpropertyfinder

459A, Room 703, New University Avenue Road, Bahan Township, Yangon, Myanmar

Exclusively Brought To You By:

KHG DEVELOPMENT YOUR LIFESTYLE CHOICE

YPF PROPERTY Finder Company Ltd — Subsidiary of ERA Singapore

09 3637 0430
09 3210 3408
09 25442 9158




YPF-ERAရဲ့ မြန်မာပြည်တွင် ပထမဆုံးခြေလှမ်းသစ်အနေဖြင့် ရန်ကုန်မြို့၏တန်ဖိုးရှိဇိမ်ကျလှပသော အဆင့်မြင့် INFINITY Luxury Condominium အား လူကြီးမင်းတို့ကို မိတ်ဆက်ပေးလိုက်ပါသည်။

- ဘိုးဘွားပိုင်မြေ၌ တည်ဆောက်မည့် အဆင့်မြင့် အဆောက်အအုံပုံစံ
- လူနေသီးသန့်စုစုပေါင်း ၁၄၈ ခန်းသာပါဝင်၍ ( ၆၀% ခန့်ရောင်းပြီး )
- ကြည်ညို ဖွယ်ရာ ရွှေတိဂုံစေတီတော်မြင်ကွင်း နှင့် ကြည်နူးဖွယ်ကောင်းသောအင်းယားကန်မြင်ကွင်းများ
- Infinity ရေကူးကန်၊ Gym၊ BBQ ဧရိယာ၊ Outdoor Exercise ဧရိယာနှင့် အခမ်းအနားများကျင်းပနိုင်သည့်ခန်းမကျယ် ပါဝင်သည့် ၁၆ထပ်ရှိ Sky terrace
- အိပ်ခန်း၂ခန်း/ ၃ခန်း/ Penthouse နှင့် Dual key များ၏ layout floor plan များကို စိတ်ကြိုက်ရွေးချယ်နိုင်၍
- စင်ကာပူနိုင်ငံ၏ နာမည်ကြီးဆောက်လုပ်ရေး Company ကြီးများမှ တာဝန်ယူကြီးကြပ်ဆောက်လုပ်သည့် INFINITY Luxury Condominium





"Infinity Luxury Condo" အရောင်းမိတ်ဆက်ပွဲအား စက်တင်ဘာလ 16th, 17th, 18th ရက်နေ့များတွင် နံနက် ၉နာရီ မှ ညနေ ၆နာရီ အတွင်း မန္တလေးမြို့ Sedona Hotel အမရပူရခန်းမ၌ ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ လာရောက်ကြည့်ရှု ဝယ်ယူနိုင်ရန် လေးစားစွာဖြင့် ဖိတ်ကြား အပ်ပါသည်။



